Land Core Group

MRLUN Mon Region Land User Network

welt hunger hilfe

ALinn Banmaw Local Development Organization

Green Life Alliance For Development GLAD

Environmental Conservation And Farmer Development Organization

Kayan New Generation Youth Unity to Change

# မြန်မာနိုင်ငံအဝန်းမြေသိမ်းဆည်းခြင်း ဖြစ်ရပ်လေ့လာမှုများ




Funded by

Livelihoods and Food Security Trust Fund

LIFT

UKaid from the British people

European Union

Australian Aid

USAID FROM THE AMERICAN PEOPLE

SWEDEN

GRAND DUCHY OF LUXEMBOURG

DEVELOPMENT COOPERATION

Irish Aid Rialtas na hÉireann Government of Ireland

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

# မာတိကာ


ကျေးဇူးတင်လွှာ ၅

နိဒါန်း ၇

၁။ FLU & ECFD လူထုအခြေပြုအဖွဲ့ (ရှမ်းပြည်နယ် - တောင်းပိုင်း) ၁၁

၂။ MRLUN လူထုအခြေပြုအဖွဲ့ (မွန်ပြည်နယ် အောက်ပိုင်း) ၁၇

၃။ KNGY လူထုအခြေပြုအဖွဲ့ - (ကယားပြည်နယ်/ ရှမ်းပြည်နယ် - တောင်ပိုင်း) ၂၁

၄။ GLAD လူထုအခြေပြုအဖွဲ့ (ရှမ်းပြည်နယ်) ၂၅

၅။ SRFU လူထုအခြေပြုအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး) ၃၀

၆။ WHH လူထုအခြေပြုအဖွဲ့ (Northern Shan State) ၃၄

၇။ MPYA လူထုအခြေပြုအဖွဲ့ (ရှမ်းပြည်နယ်) ၃၈

၈။ Alin Banmaw LDO လူထုအခြေပြုအဖွဲ့ (ကချင်ပြည်နယ်) ၄၃

၉။ Ayeyarwaddy Farmer Union လူထုအခြေပြုအဖွဲ့ ၄၈

၁၀။ မွန်ဒေသ မြေအသုံးချသူများ ကွန်ယက် (မွန်ပြည်နယ် အထက်ပိုင်း ၅၃

နောက်ဆက်တွဲများ ၅၈

ဇယား-က။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် သုတေသနလုပ်ငန်းငယ်များတွင် ပါဝင်ဆောင် ရွက်ခဲ့သူဦးရေ ၅၈

ဇယား-ခ။ သုတေသနလုပ်ငန်းငယ်တစ်ခုစီတွင် ကောက်ယူခဲ့သော နမူနာအရေအတွက် ၅၈

# အခန်းစာတွင် ဖော်ပြထားသည့် ပုံစာရင်း


ပုံ - ၁ ။ မြေယာမှတ်ပုံတင်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များတွင်
ကျား/မအလိုက် ဆုံးဖြတ်ချက် ချခြင်း ၁၃

ပုံ - ၂ ။ မြေသိမ်း/ယာသိမ်းကိစ္စရပ်များတွင်အဓိကပါဝင်ပတ်သက်သူများ ၁၄

ပုံ - ၃ ။ ပြန်လည်ဖြေကြားသူများပိုင်ဆိုင်သည်မြေယာပိုင်ဆိုင်မှု အထောက်အထားများ ၁၉

ပုံ - ၄ ။ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ၂၂

ပုံ - ၅ ။ မြေယာပိုင်ဆိုင်ခွင့်ရရှိခဲ့ပုံများ ၂၃

ပုံ - ၆ ။ မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများတွင် ဆုံးဖြတ်ချက်ချခြင်း ၂၇

ပုံ - ၇ ။ လျော်ကြေးတောင်းဆိုမှုတွင်ရရှိခဲ့သောကူညီပံ့ပိုးမှုများ ၂၈

ပုံ - ၈ ။ ဝင်ငွေရင်းမြစ်များ ၃၁

ပုံ - ၉ ။ မြေယာသိမ်းဆည်းရသည့်အကြောင်းပြချက်များ ၃၃

ပုံ - ၁၀ ။ သိမ်းဆည်းမြေ အသုံးချနေမှုများ ၃၃

ပုံ - ၁၁ ။ မြေယာ၊ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ခြင်း ၃၆

ပုံ - ၁၂ ။ ပင်မအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ၄၀

ပုံ - ၁၃ ။ မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများတွင်ဆုံးဖြတ်ချက်ချပုံ ၄၀

ပုံ - ၁၄ ။ မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများတွင်ဆုံးဖြတ်ချက်ချပုံ ၄၅

ပုံ - ၁၅ ။ မြေယာပိုင်ဆိုင်ခွင့် အထောက်အထားများပိုင်ဆိုင်သည့် အိမ်ထောင်စုအရေအတွက် ၄၆

ပုံ- ၁၆ ။ မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးတို့တွင် ဆုံးဖြတ်ချက်ချပုံများ ၅၅

ပုံ- ၁၇ ။ မြေယာပိုင်ဆိုင်ခဲ့သည့် နည်းလမ်းများ ၅၆

# အစီရင်ခံစာတွင် ဖော်ပြထားသည့် ဇယားစာရင်း


ဇယား - ၁။ ရွေးချယ်ထားသော လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကိုယ်စားပြု ဒေသများ ၈

ဇယား - ၂။ မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများတွင် ဆုံးဖြတ်ချက်ချပုံ ၄၁

ဇယား - ၃။ မြေယာပိုင်ဆိုင်ခွင့် အထောက်အထားများပိုင်ဆိုင်သည့် အိမ်ထောင်စုအရေအတွက် ၄၆

ဇယား - ၄။ နစ်နာကြေးပေးလျော်မှုနှင့် ပတ်သက်၍ လက်မှတ်ထိုးထားသည့် အထောက်အထား ၅၀

ဇယား - ၅။ ချောင်းဆုံမြို့နယ်ရှိ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအချို့ရှိ အိမ်ထောင်စု အရေအတွက်နှင့် လူဦးရေ ၅၄

# အတိုကောက်များ

**1. ALBM** - ALinn Banmaw Local Development Organization) ( Kachin)
(အလင်းဗန်းမော်)

**2. AFU** - Ayeyarwaddy Farmer Union
(ဧရာဝတီ တောင်သူလယ်သမား သမဂ္ဂ)

**3. FLU** - Farmer and Land-Workers Union
(တောင်သူလယ်သမားများ နှင့်မြေယာလုပ်သားများသမဂ္ဂ(မြန်မာနိုင်ငံ)

**4. ECFD** -Environmental Conservation and Farmer Development Organization
(သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတောင်သူလယ်သမား ဖွံ့ဖြိုးရေးအဖွဲ့)

**5. GLAD** - Green Life Alliance For Development
( စိမ်းလန်းဘဝ လူမှုဖွံ့ဖြိုးမှုအဖွဲ့)

**6. KNGY** - Kayan New Generation Youth
(ကယန်း မျိုးဆက်သစ်လူငယ်)

**7. MRLUN** - Mon Rigion Land Union Network
(မွန်ဒေသမြေယာအသုံးချသူများ ကွန်ယက်)

**8. MPYA** -Mong Pan Youth Association

**9. SRFU** - Sagaing Region Farmers Union
(စစ်ကိုင်းတိုင်းဒေသကြီး၊တောင်သူလယ်သမားများ သမဂ္ဂ)

**10. WHH** - Welt Hunger Hilfe

# ကျေးဇူးတင်လွှာ

ဤဖြစ်ရပ်လေ့လာမှု အစီအစဉ်ကို မြေယာမဏ္ဍိုင်အဖွဲ့ မှစီစဉ်ပြုလုပ်ခဲ့ပါသည်။ ဖြစ်ရပ်လေ့လာမှု လုပ်ငန်းစဉ်ကို ငွေကြေးဖြင့်အထောက်ပံ့ပေးသော LIFT(အသက်မွေးဝမ်းကြောင်း နှင့် စားနပ်ရိက္ခာ ဖူလုံရေး ရံပုံငွေအဖွဲ့ ) နှင့် SDC( ဆွစ်စလန် ဖွံ့ဖြိုးရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ) အဖွဲ့အား လည်ကောင်းကျေးဇူးတင်ပါသည်။ မြန်မာနိုင်ငံကျေးလက်လူထု၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေး မှုများ တိုးတက်ကောင်းမွန်ရေးအတွက် ရန်ပုံငွေထည့်ဝင် လှူဒါန်းကြသော ဥရောပသမဂ္ဂနှင့် ဩစတေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို အထူးကျေးဇူးတင် ရှိပါသည်။ LIFT တွင် ပုဂ္ဂလိကကဏ္ဍမှ ပထမဆုံးထည့်ဝင်သည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။ လူထုအခြေပြုအဖွဲ့များအား သုတေသနနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးပါသော ဆရာ Dr. John Wardနှင့် အနီးကပ်ကြီးကြပ်မှုပြုပေးသော သုတေသနညှိနှိုင်းရေးမှူး ဒေါ်ရီရီဝင်းတို့အား ကျေးဇူးတင်ရှိပါသည်။ အဓိကအနေဖြင့် သုတေသနလုပ်ငန်းစဉ်ဖြစ်မြောက်ရေးအတွက် သတင်းအချက် အလက်ကောက်ယူရာတွင် စိတ်ဝင်စားစိတ်ရှည်စွာဖြင့် ပူးပေါင်းပါဝင်ပေးပါသော ဒေသအသီးသီးမှ ရွာသူ/ရွာသားများအား အထူးကျေးဇူးတင်ရှိပါသည်။



# နိဒါန်း

မြန်မာနိုင်ငံတွင် လူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး၊ အသက်မွေးဝမ်းကျောင်းမှုအတွက် မြေယာပေါ်တွင် မှီခိုနေကြရသည်။ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် သက်ရောက်မှုရှိသည့် မြေယာဆိုင်ရာ မူဝါဒများ၊ ဥပဒေများ အပါအဝင် လက်ရှိမြေယာဆိုင်ရာ ကိစ္စရပ်များအား သိရှိနားလည်ရန် အရေးကြီးပါသည်။

မြေယာဆိုင်ရာ ကိစ္စရပ်များအား သိရှိနားလည်မှုအတွက် အထောက်အကူဖြစ်စေရန် မြေယာမဏ္ဍိုင်အဖွဲ့မှ လူထုအခြေပြုအဖွဲ့အစည်း (၁၀) ဖွဲ့သို့ သင်တန်းများပို့ချပေးခဲ့ပြီး၊ ယင်းတို့ ဖွဲ့စည်းတည်ရှိရာ ဒေသများတွင် မြေယာဆိုင်ရာပြဿနာအခြေပြု သုတေသနလုပ်ငန်းငယ်များ ဆောင်ရွက်နိုင်စေရန် အတွက် ထောက်ပံ့ကြေးများလည်း ပံ့ပိုးပေးခဲ့ပါသည်။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် သင်တန်း ပို့ချခြင်းနှင့် ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

(က) လူထုအခြေပြုအဖွဲ့အစည်းများ၏ သုတေသနဆောင်ရွက်နိုင်မှုစွမ်းရည် မြင့်မားလာစေရန်၊

(ခ) ပြဿနာအခြေပြု သုတေသနလုပ်ငန်းငယ်များနှင့် မြေယာဆိုင်ရာပြဿနာများ ဖြေရှင်းရာတွင် အထောက်အကူပြုစေမည့် သုတေသနစာတမ်းများ ပေါ်ထွက်လာစေရန်

အမျိုးမျိုးသော မြေယာအမျိုးအစားများ၊ ကွဲပြားခြားနားသော မြေအသုံးချမှုပုံစံများအပေါ် အခြေခံ၍ တောင်ပေါ်ဒေသ၊ အပူပိုင်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသ စသည်ဖြင့် မတူညီသော ဒေသများမှ လူထုအခြေပြုအဖွဲ့အစည်းများ ရွေးချယ်ကာ သင်တန်းပို့ချခြင်း၊ ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ရွေးချယ်ခဲ့သော လူထုအခြေပြုအဖွဲ့အစည်းများကို ဇယား-၁ တွင် ဖော်ပြထားပါသည်။





| တိုင်းဒေသကြီး/ပြည်နယ် | လူထုအခြေပြုအဖွဲ့အစည်း |
|---|---|
| ရှမ်းပြည်နယ်တောင်ပိုင်း | Farmer Land Workers Union (FLU) အဖွဲ့ Environmental Conservation and Farmers Development Organization (ECFD) အဖွဲ့ GLAD အဖွဲ့ နှင့် LCG research team နှင့် MPYA |
| မွန်ပြည်နယ် (အောက်ပိုင်း) | MRLUN အဖွဲ့ |
| ကယားပြည်နယ်၊/ရှမ်းပြည်နယ် (တောင်ပိုင်း) | KNGY အဖွဲ့ |
| စစ်ကိုင်းတိုင်းဒေသကြီး | SRFU အဖွဲ့ |
| ရှမ်းပြည်နယ် (မြောက်ပိုင်း) | WHH အဖွဲ့ |
| ရှမ်းပြည်နယ် | MPYA အဖွဲ့ |
| ကချင်ပြည်နယ် | ALin Banmaw LDO အဖွဲ့ |
| ဧရာဝတီတိုင်းဒေသကြီး | Ayerwaddy Farmer Union အဖွဲ့ |

ဇယား - 1။ ရွေးချယ်ထားသော လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကိုယ်စားပြု ဒေသများ

ဤစီမံကိန်းတွင် လုပ်ငန်းအဆင့် (၃)ဆင့်ပါဝင်ပြီး၊ လုပ်ငန်းအဆင့် တစ်ဆင့်ချင်းစီတွင် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုစီ ပါဝင်ပေသည်။ ကနဦး အလုပ်ရုံဆွေးနွေးပွဲတွင် လူထုအခြေပြုအဖွဲ့အစည်းများမှ လုပ်ဆောင်မည့် သုတေသနလုပ်ငန်းငယ်များနှင့် ပတ်သက်၍ ရည်ရွယ်ချက်များ ချမှတ်ခြင်းနှင့် ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် အချက်အလက်များ ကောက်ယူရန်အတွက် မေးခွန်းများ ပြင်ဆင်ခြင်းနှင့် စမတ်ဖုန်း (Smartphone) တွင် သုံးစွဲနိုင်မည့် iSurvey အမည်ရှိ Application တစ်ခု ဖန်တီးခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထို့နောက်တွင် အချက်အလက်များ ကောက်ယူခြင်းနှင့် iSurvey Application အတွင်း အချက်အလက်များ ထည့်သွင်းခြင်းအား အချိန်ကာလ (၆)ပတ်ကြာ ဆောင်ရွက်ခဲ့ကြသည်။ ဒုတိယအကြိမ် ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် ပြင်ဆင်ထားခဲ့သော မေးခွန်းများအား ပြန်လည်စစ်ဆေး ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး၊ လူထုအခြေပြုအဖွဲ့အစည်းအသီးသီးမှ ကောက်ယူထားခဲ့သော အချက်အလက်များ၏ ရလာဒ်များအား အစီရင်ခံစာတွင် ထုတ်နှုတ်စုစည်း တင်ပြခဲ့ကြသည်။ တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲတွင် လူထုအခြေပြုအဖွဲ့အစည်းများအား SPSS ဆော့ဖ်ဝဲကို အသုံးပြု၍ အချက်အလက်များ ခွဲခြမ်းစိတ်ဖြာနည်းများနှင့် ပြဿနာအခြေပြု သုတေသန လုပ်ငန်းငယ်များတွင် ပါဝင်ရမည့်အကြောင်းအရာများကို သင်ကြားပေးခဲ့ပြီး၊ နောက်ဆုံး အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင် အပြီးသတ်တင်သွင်းရမည့် ပြဿနာအခြေပြု သုတေသနလုပ်ငန်းငယ် အစီရင်ခံစာအား ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

လူထုအခြေပြုအဖွဲ့အစည်းများအားလုံးမှ အသုံးပြုခဲ့သည့် စုပေါင်းပြင်ဆင်ခဲ့ကြသော မေးခွန်းများတွင် အောက်ဖော်ပြပါ အဓိကအကြောင်းအရာ (၈) ခု ပါဝင်ပါသည်။

(၁) လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် အခြေခံ စီးပွားအခြေအနေများ

(၂) ကျား/မအလိုက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် အိမ်ထောင်စု၏ ပိုင်ဆိုင်မှုများ

(၃) မြေယာမှတ်ပုံတင်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးတို့တွင် ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

(၄) မြေယာဥပဒေမူဘောင်အပေါ် အိမ်ထောင်စုများ၏ နားလည်သဘောပေါက်မှုအတိုင်းအတာ

(၅) မြေသိမ်း/ယာသိမ်းကိစ္စရပ်များ၏ အတိုင်းအတာနှင့် လျော်ကြေးများ၏ မျှတမှုအခြေအနေ

(၆) မြေသိမ်း/ယာသိမ်းကိစ္စရပ်များတွင် အဓိကပါဝင်ပတ်သက်သူများ

(၇) မြေသိမ်း/ယာသိမ်းကိစ္စရပ်များ၏ နောက်ဆက်တွဲ အသက်မွေးဝမ်းကြောင်းမှုပြဿနာများ

(၈) အိမ်ထောင်စုများ၏ အနာဂတ် စိုးရိမ်မှုများ၊ ရည်မှန်းချက်များနှင့် လိုအပ်ချက်များ

လူထုအခြေပြုအဖွဲ့အစည်းများမှ စုစုပေါင်းလူဦးရေ (၇၀၀) ကျော်အား ဗမာဘာသာစကားဖြင့် (လိုအပ်ပါက တိုင်းရင်းသားဘာသာစကားဖြင့်) တွေ့ဆုံမေးမြန်း၍ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ တခါတရံတွင် အချက်အလက်များအား စာရွက်ပေါ်တွင် ရေးမှတ်ကောက်ယူခဲ့ပြီး၊ တွေ့ဆုံမေးမြန်းခြင်း အပြီးတွင် အဆိုပါအချက်အလက်များအား iSurvey Application အတွင်း အွန်လိုင်းမှတစ်ဆင့် ထည့်သွင်းခဲ့ပါသည်။ ယင်း Application တွင် မေးခွန်းအားလုံး ပါဝင်ပြီး၊ တွေ့ဆုံမေးမြန်းမှုများမှ ကောက်ယူရရှိခဲ့သော အချက်အလက်များအားလုံးကို အွန်လိုင်းတွင် စုစည်းထည့်သွင်းထားသဖြင့် အဆိုပါ အချက်အလက်များအား အွန်လိုင်းမှ ပြန်လည်ရယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။ ယခု အစီရင်ခံစာအတွက် အချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်းကို လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြေယာမဏ္ဍိုင်အဖွဲ့တို့က ဆောင်ရွက်ခဲ့ကြပါသည်။

ယခု အစီရင်ခံစာတွင် လူထုအခြေပြုအဖွဲ့အစည်း (၁၀) ဖွဲ့မှ တင်ပြထားသော မြေယာဆိုင်ရာ ပြဿနာ အခြေပြု သုတေသနလုပ်ငန်းငယ်များအား စုစည်းတင်ပြထားပါသည်။ အဖွဲ့တစ်ဖွဲ့ချင်းစီမှ တင်ပြလာသော သုတေသနလုပ်ငန်းငယ်အစီရင်ခံစာများအား တူညီသောဖွဲ့စည်းပုံဖြင့် တင်ပြထားရာ အကြောင်း အရာအကျဉ်းချုပ်ဖြင့် အစပြု၍ သုတေသနဆောင်ရွက်သည့် နည်းလမ်းများ၊ သုတေသန ရလာဒ်များနှင့် ရှင်းလင်းချက်များ၊ သုတေသနစူးစမ်းမှု၏ ခွဲခြမ်းစိတ်ဖြာတင်ပြမှုများ စသည်ဖြင့် တင်ပြထားပါသည်။ စုစည်းတင်ပြထားသည့် သုတေသနလုပ်ငန်းငယ်အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ကွဲပြားသောနေရာ ဒေသအသီးသီးရှိ အသက်မွေးဝမ်းကြောင်းမှု၊ မြေယာပိုင်ဆိုင်ခွင့်၊ မြေသိမ်း/ ယာသိမ်းကိစ္စရပ်များ စသည် တို့နှင့် စပ်လျဉ်း၍ အခြေအနေများကို ပိုမိုနားလည်သိမြင်လာစေပါသည်။

# ၁ တောင်သူလယ်သမားများနှင့် မြေယာလုပ်သားများသမဂ္ဂ (မြန်မာနိုင်ငံ) နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တောင်သူလယ်သမား ဖွံ့ဖြိုးရေးအဖွဲ့

## (ရှမ်းပြည်နယ်တောင်ပိုင်း)

ဤပြဿနာအခြေပြု သုတေသန လုပ်ငန်းငယ်ကို ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ် တွင် (FLU) နှင့် (ECFD) လူထုအခြေပြုအဖွဲ့များမှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ပါသည်။ ဆီဆိုင် မြို့နယ်တွင် အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပြီး၊ ဒေသခံ ပြည်သူအများစုသည် မြေသိမ်း/ယာသိမ်း ပြဿနာများနှင့် ရင်ဆိုင် ကြုံတွေ့နေကြရသည်။ ယင်းမြေသိမ်း/ယာသိမ်း ပြဿနာများ၏ အကြောင်းရင်းတစ်ရပ်သည် ၁၉၉၄-ခုနှစ်တွင် ရ.လ.လ.ဖ (ငြိမ်း) ဦးချစ်မောင်အဖွဲ့ နှင့်မြန်မာ အစိုးရအဖွဲ့တို့အကြား လက်နက်နှင့် ငြိမ်းချမ်း ရေးလဲလှယ်ပြီးနောက်ပိုင်း ရ.လ.လ.ဖ (ငြိမ်း) ဦးချစ်မောင်အဖွဲ့ အခြေချ နေထိုင်ရေးအတွက် ဆီဆိုင်မြို့သစ်နယ်အတွင်းတွင် မြေနေရာ (၁၅၀၀) ဧကကို ဗိုလ်ချုပ်သောင်းအေးမှ နှုတ် မိန့်ဖြင့် ချမှတ်ပေးခဲ့သည် ချမှတ်ပေးခဲ့သော မြေနေရာ သည် ဒေသခံပြည်သူများမှ နေထိုင်၍ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသော နေရာဖြစ်သော်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အဖြစ်သတ်မှတ်ကာ ချမှတ်ပေးခဲ့ခြင်း ဖြစ်သည်။ အကျိုးဆက်အားဖြင့် ဒေသခံပြည်သူများ (အထူးသဖြင့် လုပ်ကွက်ငယ် တောင်သူများ)မှာ မြေယာ ဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ ကြရသည်။

ဤသုတေသနလုပ်ငန်းငယ်အတွက် အချက်အလက်များကို မြေယာဆုံးရှုံးမှု ရင်ဆိုင်ခဲ့ရသည့် လုပ်ကွက်ငယ်တောင်သူများထံမှ ကောက်ယူခဲ့ခြင်းဖြစ်ပြီး၊ အများစုမှာ ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်ကြသည့် ပအိုဝ်းလူမျိုးများ ဖြစ်ကြသည်။ ထီတယမ်း ကျေးရွာတွင် အိမ်ထောင်စု (၂၃၀)တွင် လူဦးရေ (၁၀၀၀) ရှိပြီး၊ လွယ်တော်ကျေးရွာတွင် အိမ်ထောင်စု (၁၈၀)တွင် လူဦးရေ (၈၆၉) ရှိပါသည်။ ဘန်းပြင်ကျေးရွာတွင် အိမ်ထောင်စု (၈၀) ရှိပြီး၊ လူဦးရေ (၄၀၀) သာ ရှိပါသည်။

ဤသုတေသနလုပ်ငန်းငယ်သည် ဗိုလ်ချုပ်သောင်းအေးမှ နှုတ်မိန့်ဖြင့် ရှမ်းပြည်နယ် ရ.လ.လ.ဖ (ငြိမ်း) ဦးချစ်မောင်အဖွဲ့သို့ ချမှတ်ပေးလိုက်သော မြေဧရိယာများကြောင့် မြေယာ ဆုံးရှုံးခဲ့ရခြင်းကို လေ့လာဖော်ပြထားပါသည်။ ထီတယမ်းကျေးရွာ၊ လွယ်တော်ကျေးရွာနှင့် ဘန်းပြင်ကျေးရွာတို့တွင် အသေးစားတောင်သူများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မြေသိမ်း/ ယာ သိမ်းကိစ္စရပ်များ၊ လျော်ကြေး ကိစ္စများနှင့် နောက်ဆက်တွဲ ပြဿနာများကို သုတေသနပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် မြေယာ ဆုံးရှုံးခဲ့ရသည့် ဒေသခံများ၏ မြေသိမ်း/ ယာ သိမ်းကိစ္စရပ်များမကြုံတွေ့မီနှင့် ကြုံတွေ့ပြီး အသက် မွေးဝမ်းကြောင်း လုပ်ငန်းများ၊ ၎င်းတို့၏ အနာဂတ် မျှော်လင့်ချက်များကိုလည်း ဖော် ထုတ်ခဲ့ ပါသည်။ ဤသုတေသန လုပ်ငန်းငယ်၏ ရည်မှန်းချက်မှာ မြေယာသိမ်းယူမှုကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ် လာသော အကျိုးဆက်များကို ဖော်ထုတ်ရန်ဆောင်ရွက်လျှက်ရှိသည့် ယခင်နှင့် လက်ရှိ နည်းစဉ်များ အား နားလည်သိရှိစေရန် ဖြစ်ပါသည်။

# သုတေသနဆောင်ရွက်သည့်နည်းလမ်း

ဤသုတေသနလုပ်ငန်းငယ်ကို ဆောင်ရွက်ခဲ့သည့် ရွာ(၃)ရွာအား ရွေးချယ်ရာတွင် ဆီဆိုင်မြို့နယ် အတွင်းရှိပြီး၊ မြေသိမ်း/ယာသိမ်းဖြစ်ပွားခဲ့ခြင်းနှင့် စိုက်ပျိုးရေးဖြင့် အဓိက အသက်မွေးဝမ်းကြောင်း ပြုခြင်းစသည့် အချက်များကို အဓိကထား၍ ရွေးချယ်ခဲ့ပါသည်။

စုစုပေါင်း လူအယောက် (၉၀)အား တွေ့ဆုံမေးမြန်းခဲ့ရာ အချို့သည် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ရွေးချယ် ပေးခဲ့ခြင်းဖြစ်ပြီး၊ အချို့သည် ကျပန်းရွေးချယ်၍ တွေ့ဆုံမေးမြန်းခြင်းခဲ့ခြင်း ဖြစ်ပါသည်။ နည်းလမ်း နှစ်ခုလုံးတွင် ကျား/မ မျှတစွာ ပါဝင်နိုင်ရန်အတွက် သေချာစဉ်းစားပြီး ဆောင်ရွက်ခဲ့ပါသည်။ တွေ့ဆုံ မေးမြန်းမှုများတွင် ဖြေဆိုရန် ငြင်းဆိုသူများ မကြုံတွေ့ခဲ့ရပါ။

သုတေသနအတွက် လိုအပ်သော အချက်အလက်များကို အိမ်ထောင်စုဝင်များနှင့် တစ်ဦးချင်း မျက်နှာ ချင်းဆိုင်၍ စမတ်ဖုန်းနှင့် ကွန်ယက်အခြေခံနည်းပညာကို အသုံးပြုကာ မေးမြန်းကောက်ယူခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုအတွက် ကြာမြင့်ချိန်မှာ တစ်ဦးလျှင် (၄၅)မိနစ်ခန့်ဖြစ်ပြီး၊ ၂၀၁၈-ခုနှစ် ဖေဖော်ဝါရီလ (၃)ရက်နေ့မှ (၅)ရက်နေ့အထိ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ခဲ့သော ဖြေကြားသူများသည် ကျား/မ အညီအမျှဖြစ်ပြီး၊ ဖြေကြားသူများ၏ ပျမ်းမျှအသက်အရွယ်မှာ (၄၇)နှစ်ဖြစ်ကာ အသက်ကြီးဆုံးမှာ (၇၉)နှစ်ဖြစ်၍ အသက်အငယ်ဆုံးမှာ (၁၆)နှစ် ဖြစ်သည်။

## လူမှုစီးပွားရေးအခြေအနေများ

စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုအားလုံးသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကြောင်းမှု ပြုကြသည်။ စိုက်ပျိုးရေးအပြင် အခြားမှီခိုအားထားနေကြသည်မှာ စိုက်ပျိုးရေးချေးငွေဖြစ်ရာ၊ စစ်တမ်း ကောက်ယူခဲ့သော အိမ်ထောင်စုအားလုံး၏ (၃၈) ရာခိုင်နှုန်းက ပြန်လည် ဖြေကြားခဲ့သည်။

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

စစ်တမ်းကောက်ယူချက်အရ အိမ်ထောင်စုအားလုံး၏ (၈၂) ရာခိုင်နှုန်းသည် ယောကျာ်းဦးဆောင် သည့် အိမ်ထောင်စုများဖြစ်ပြီး၊ (၁၈) ရာခိုင်နှုန်းမှာ မိန်းမဦးဆောင်သည့် အိမ်ထောင်စုများ ဖြစ်ပါသည်။ မြေယာမှတ်ပုံတင်ခြင်းတွင် ကျား/မအလိုက်ဆုံးဖြတ်ချက်ချပုံနှင့်ပတ်သက်၍ လေ့လာရာတွင် ဖြေဆိုသူအိမ်ထောင်စုများ၏ (၆၈) ရာခိုင်နှုန်းသည် အမျိုးသားဦးဆောင်သည့် အိမ်ထောင်စု ဖြစ်၍ (၁၆) ရာခိုင်နှုန်းသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ဖြစ်ပြီး၊ ကျန် (၁၂) ရာခိုင်နှုန်း သည် အမျိုးသားနှင့် အမျိုးသမီး ညှိနှိုင်းဆုံးဖြတ်သည့် အိမ်ထောင်စုများ ဖြစ်ကြသည်။ ကျန်းမာရေး (သို့မဟုတ်) ပညာရေးကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားနှင့် အမျိုးသမီး ညှိနှိုင်းဆုံးဖြတ်သည့်

အိမ်ထောင်စုများသော အများစုတွေ့ရှိခဲ့ရသည်။ ဥပမာအားဖြင့် ကျန်းမာရေးအတွက် နှစ်ဦးညှိနှိုင်း၍ ဆုံးဖြတ်ကြသည့် အိမ်ထောင်စု အရေအတွက်မှာ ဖြေဆိုသူအိမ်ထောင်စုများ၏ (၆၄) ရာခိုင်နှုန်းရှိသည်ကို ပုံ-၁တွင် တွေ့ရှိနိုင်ပါသည်။




ပုံ - ၁။ မြေယာမှတ်ပုံတင်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များတွင် ကျား/မအလိုက် ဆုံးဖြတ်ချက်ချခြင်း

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စု (၉၀)အနက် (၄၆) အိမ်ထောင်စုသည် မြေသိမ်း/ယာသိမ်းခံခဲ့ရရာ၊ ယင်းတို့အနက်မှ (၃၆) အိမ်ထောင်စုသည် သူတို့ပိုင်ဆိုင်သည့် မြေယာအားလုံးကို လည်းကောင်း၊ (၁၁) အိမ်ထောင်စုသည် တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း သိမ်းယူခံခဲ့ရသည်ဟု ပြန်လည်ဖြေကြားကြသည်။ ယင်းကဲ့သို့ မြေယာအသိမ်းခံရမှုများသည် ၁၉၉၄-ခုနှစ်နှင့် ၂၀၁၇-ခုနှစ် အကြားတွင် အသိမ်းခံခဲ့ရခြင်းများဖြစ်ပြီး၊ ယင်းကိစ္စရပ်များ၏ ထက်ဝက်သည် ၂၀၀၈-ခုနှစ် ဖြစ်ပွားခဲ့၍ အခြားမြေသိမ်းမှုများသည် ၂၀၁၅-ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။

မြေယာသိမ်းခံရမှုကိစ္စရပ်များ၏ (၈၃) ရာခိုင်နှုန်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရ.လ.လ.ဖ (ငြိမ်း) ဦးချစ်မောင်မှ သိမ်းယူခဲ့ခြင်းဖြစ်ပြီး၊ ၁၇ ရာခိုင်နှုန်းသည် အချင်းချင်းအငြင်းပွားမှုကဲ့သို့သော အခြားအကြောင်းရင်းများကြောင့် မြေသိမ်းခံရမှုများကိုလည်း တွေ့ရှိရပါသည် (ပုံ-၂)။

သိမ်းယူမြေအသုံးချမှုနှင့် ပတ်သက်၍ သုတေသနစစ်တမ်းကောက်ယူခဲ့ရာ မြေယာအသိမ်းခံရမှု (၄၀)၏ မြေယာများကို မည်သူတစ်ဦးတစ်ယောက်မျှ သုံးစွဲနေခြင်းမရှိဘဲ၊ အမှု (၁၄)မှု၏ မြေယာများကိုမူ အခြားပုဂ္ဂလိကများမှ အသုံးချလျှက် ရှိပါသည်။ စစ်တမ်းများအရ မြေယာသိမ်းယူမှုအများစုကို တိုင်း

ရင်းသားလက်နက်ကိုင်အဖွဲ့များမှ သိမ်းယူခဲ့ခြင်းဖြစ်သည်ဟု အများစုက ဖြေကြားသော်လည်း၊ အဆိုပါ သိမ်းယူမှုသည် လုံခြုံရေးအကြောင်းပြချက်ဖြင့် သိမ်းယူခဲ့ခြင်းဖြစ်သည်ဟု မည်သူမျှ ဖြေကြားခဲ့ခြင်း မရှိပေ။ သိမ်းယူခံထားရသော မြေယာများ၏ (၉) ရာခိုင်နှုန်းသာ လယ်သမားများအနေဖြင့် လယ်ယာ ပြန်လည်လုပ်ကိုင်ခွင့် ရရှိထားသည်ဟု ပြောကြားခဲ့ကြသည်။ မြေသိမ်းဆည်းခြင်းနှင့်ပတ်သတ်၍ တောင်သူများ၏ သဘောတူညီချက်လာရောက်တောင်းခံခြင်းနှင့် လျော်ကြေးနစ်နာခြင်း လာရောက် ညှိနှိုင်းခြင်းမရှိကြောင်းတွေ့ရသည်။




ပုံ - ၂။ မြေသိမ်း/ယာသိမ်းကိစ္စရပ်များတွင်အဓိကပါဝင်ပတ်သက်သူများ

## မြေယာပိုင်ဆိုင်ခွင့်နှင့် တရားဝင် စာရွက်စာတမ်းများ

စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ထက်ဝက်ကျော်သည် မြေယာသုံးချခွင့် အထောက် အထား စာရွက်စာတမ်းများ မရှိကြပေ။ မြေယာပိုင်ဆိုင်ခွင့်အထောက်အထားဟူ၍ ပုံစံ-၁၀၅ နှင့် မြေခွန်ပြေစာ ရှိကြသည်။ မြေသိမ်းယာသိမ်းကိစ္စရပ်များ ဖြေရှင်းပေးခြင်းနှင့် ပတ်သက်၍ မေးမြန်းရာ စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ (၅၆) ရာခိုင်နှုန်းက မိမိတို့ပိုင်ဆိုင်သည့် လယ်ယာမြေ များကို ပြန်လည်ရယူလိုကြောင်း၊ သို့ရာတွင် အချို့အိမ်ထောင်စုများက မြေသိမ်းယာသိမ်း ကိစ္စရပ် များ ထပ်မံမကြုံတွေ့ချင်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။

## အနာဂတ်မျိုးဆက်များအတွက် မြေယာအိပ်မက်

အနာဂတ်မျိုးဆက်များအတွက် မြေယာအိပ်မက်နှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် ယင်းတို့၏ မျိုးဆက်သစ်များသည် ကိုယ်ပိုင်မြေယာပိုင်ဆိုင်၍ မိမိမြေယာကို မိမိကာကွယ်နိုင်ရမည်ဖြစ်ကြောင်း၊

လူ့အသိုင်းအဝန်းတွင် ချမ်းသာကြွယ်ဝသော၊ ဘေးကင်းလုံခြုံသော၊ အေးချမ်းတည်ငြိမ်သော ဘဝများဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ကျောင်းဆရာ/ဆရာမများ၊ ဆရာဝန်းများဖြစ်သည်အထိ ပညာတတ်များ ဖြစ်စေချင်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ ဒေသခံတစ်ဦးက 'ပညာတတ်များဖြစ်စေဖို့ ဆန္ဒရှိကြောင်း၊ ကျွန်ုပ်တို့ မြေယာများ ပြန်လည်ရရှိပါက အနာဂတ်မျိုးဆက်များကို ထောက်ပံ့ပေးနိုင်ကြောင်း' ပြန်လည်ဖြေကြားခဲ့ပါသည်။ အခြား ဒေသခံတစ်ဦးကမူ အနာဂတ်မျိုးဆက်များ သည်စီးပွားရေးကြပ်တည်းလာပြီး ရုန်းကန်ရမည်ဖြစ်ကြောင်း၊ မြေမဲ့ယာမဲ့ဖြစ်လာပြီး သီးစားလုပ်ကိုင်သူ (သို့မဟုတ်) နေ့စားလုပ်သားသာ ဖြစ်လာမည် ဖြစ်ကြောင်း စိုးရိမ်စိတ်ဖြင့် ပြောကြားခဲ့သည်။ လက်ရှိမျိုးဆက်အား သိမ်းဆည်းမြေယာများ ပြန်လည်ရရှိအောင်မလုပ်ဆောင်နိုင်ခဲ့ပါကယင်းတို့၏ သားသမီးများမှာ အမွေဆက်ခံစရာ ရှိတော့မည် မဟုတ်ကြောင်း၊ ဂင်ငွေမရှိသဖြင့် သားသမီးများ၏ ပညာရေးထောက်ပံ့ရန်မှာလည်း မဖြစ်နိုင်ကြောင်း ထပ်ဆင့် ပြော ကြားခဲ့သည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာခြင်း

ဤသုတေသနလုပ်ငန်းငယ်သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော မြေယာသိမ်းယူမှု များ၏ဆိုးရွားသောအကျိုးဆက်များကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။ သိမ်းဆည်းခံတောင်သူအများစုတွင် ယင်းတို့၏ မြေယာပိုင်ဆိုင်မှုအတွက် အထောက်အထားရှိသော်လည်း ဆုံးရှုံးသွားသော သိမ်းဆည်းခံမြေယာများအတွက် လျော်ကြေးငွေများလည်းမရရှိခဲ့ပေ။ သုတေသန၏ ရလာဒ်အနေဖြင့် စစ်တမ်းကောက်ယူခြင်းအရ ဒေသခံပြည်သူများသည် လက်ရှိအခြေအနေအတွက်သာမက ယင်းတို့၏ မျိုးဆက်များအတွက်ပါ အမျိုးမျိုးသော အကြောင်းများကြောင့် ရေရှည်စီးပွားရေး ကြပ်တည်းလာမည်ကို စိုးရွံ့ထိတ်လန့်လျှက်ရှိကြသည်။ယင်းတို့မျိုးဆက်များ၏ပညာရေးအတွက်အထောက်အပံ့မပေးနိုင်တော့ခြင်း၊ အမွေဆက်ခံနိုင်ရန်အတွက် မြေယာပြန်လည် ရရှိနိုင်ခြေကို ပူပန်ရခြင်းစသည့်အကြောင်းများကြောင့် စိုးရွံ့ထိတ်လန့်ရခြင်း ဖြစ်ပေသည်။

# ၂ မွန်ဒေသ မြေယာအသုံးချသူများကွန်ယက် (မွန်ပြည်နယ် အောက်ပိုင်း)

ဤပြဿနာအခြေပြု သုတေသနလုပ်ငန်းငယ်ကို MRLUN လူထုအခြေပြုအဖွဲ့မှ ဦးဆောင်၍ မွန်ပြည်နယ် (အောက်ပိုင်း)၊ သံဖြူဇရပ်မြို့နယ်ရှိ ဝဲသွန်ချောင်းကျေးရွာ၊ ဝဲယက်ကျေးရွာ နှင့် ဝဲကလီ ကျေးရွာစသည့် ကျေးရွာ (၃)ရွာတွင် ဆောင်ရွက်ခဲ့ပါသည်။ ဤ ကျေးရွာများတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်စဉ်ကာလနှင့် ဆောင်ရွက်ပြီးကာလများတွင် မြေသိမ်းပိုက်ခြင်းများ ဖြစ်ပွားခဲ့ပါသည်။ အမျိုး သား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်စဉ်ကာလအတွင်း မြန်မာ့တပ်မတော်သည် လုံခြုံရေးအကြောင်းပြချက်နှင့် ကိုယ်ပိုင်အကျိုးစီးပွား (သို့မဟုတ်) ခရိုနီများ၏ အကျိုးစီးပွား (စားသုံးဆီထုတ်လုပ် ရေးကဲ့သို့သော) ရင်းနှီးမြှုပ်နှံမှုများအတွက် မြေယာများစွာကို သိမ်းပိုက်ခဲ့ကြသည်။ အဆိုပါ ကျေးရွာများသည် လယ်ယာလုပ်ငန်းနှင့် ရာဘာစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းလျှက်ရှိရာ မြေယာဆုံးရှုံးသော တောင်သူများအနေဖြင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများပါ ဆုံးရှုံးရတော့သည်။ ထို့ကြောင့် ဒေသခံပြည်သူများသည် အလုပ်အကိုင်ရှာဖွေရန် နှင့် ဝင်ငွေအခွင့်အလမ်းသစ်များအတွက် အခြားနိုင်ငံများသို့ (တရားမဝင်နည်းလမ်းများဖြင့်) ပြောင်းရွှေ့ခဲ့ကြရသည်။

စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ (၃)ရွာ တွင် အများစုသည် မွန်လူမျိုးများ ဖြစ်ကြပြီး၊ ခရစ်ယာန်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များ ရောနှောနေထိုင်ကြသည်။ ဝဲသွန်ချောင်း ကျေးရွာတွင် အိမ်ထောင်စု (၃၈၆)စုနှင့် လူဦးရေ (၁၅၄၉) ဦး၊ ဝဲယက်ကျေးရွာတွင် အိမ်ထောင်စု (၃၂၆)စုနှင့် လူဦးရေ (၁၃၀၈) ဦး၊ ဝဲကလီ ကျေးရွာတွင် အိမ်ထောင်စု (၁၈၅)စုနှင့် လူဦးရေ (၇၄၆)ဦး အသီးသီး ရှိပါသည်။

ဤသုတေသနလုပ်ငန်းငယ်တွင် ကျေးရွာများအတွင်း မြေသိမ်းခံတောင်သူများနှင့် မြေသိမ်းမခံရသော တောင်သူများအား တွေ့ဆုံမေးမြန်း၍ ၎င်းတို့ ရင်ဆိုင်နေကြရသော အခက်အခဲများ နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ စသည်တို့နှင့် ပတ်သက်၍ သုံးသပ်ဖော်ပြထားပါသည်။ ထို့အပြင် ဒေသခံတောင်သူလယ်သမားများ၏ မြေယာဥပဒေများနှင့် ပတ်သက်သည့် ဗဟုသုတ အခြေအနေများကို လေ့လာထားပြီး၊ ၎င်းတို့ မျှော်မှန်းထားသည့် အနာဂတ်အသက်မွေးဝမ်းကြောင်း မှုပုံစံများကိုပါ ဖော်ထုတ်ပြသထားပါသည်။

# သုတေသနဆောင်ရွက်သည့်နည်းလမ်း

ဤသုတေသနလုပ်ငန်းငယ်အတွက် စစ်တမ်းကောက်ယူရာတွင် ကျား/မနှင့် အသက်အရွယ်မျှတမှုကို ထည့်သွင်းစဉ်းစားထားခြင်းမရှိဘဲ ကျပန်းကောက်ယူသည့် နည်းလမ်းဖြင့် ရွေးချယ်ကောက်ယူခဲ့သည်။ ၂၀၁၈-ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဆောင်ရွက်ခဲ့ပြီး၊ ရာဘာစိုက်ခင်းတွင် လုပ်ကိုင်နေကြသူများအား တွေ့ဆုံမေးမြန်းရာတွင် အများစုအား တွေ့ဆုံနိုင်မည့် နံနက် (၈)နာရီနှင့် (၁၁)နာရီကြားတွင် လည်းကောင်း၊ နေ့လည် (၃)နာရီနှင့် (၅)နာရီ ကြားတွင်လည်းကောင်း တွေ့ဆုံမေးမြန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။ အများစုသည် ရာဘာစိုက်ခင်းတွင် လုပ်ကိုင်နေကြသူများနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေ ကြသူများဖြစ်ကြရာ ဤသုတေသနလုပ်ငန်းငယ်တွင် အိမ်ထောင်စုအမျိုးအစားကွာဟခြင်း၏ သက် ရောက်မှုလည်း ရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းမှုအတွက် ကြာမြင့်ချိန်မှာ အိမ်ထောင်စုတစ်စုလျှင် (၁၅) မိနစ်မှ (၃၀) မိနစ်ထိ ကြာမြင့်ပါသည်။ တွေ့ဆုံမေးမြန်းမှုတွင် ဖြေဆိုရန် ငြင်းပယ်သူများ မကြုံတွေ့ခဲ့ရဘဲ စုစုပေါင်း လူ (၁၀၁)ဦး အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

# သုတေသနရလာဒ်များ

## လူမှုစီးပွားရေးအခြေအနေများ

စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများအနက် ပြန်လည်ဖြေဆိုသူ (၆၇) ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပြီး၊ ယင်းအမျိုးသားများအနက် (၉၀)ရာခိုင်သည့် အိမ်ထောင်ဦးစီးများ ဖြစ်ကြ သည်။ ပြန်လည်ဖြေကြားသူ အမျိုးသမီး (၃၃)ဦးအနက် (၁၈) ရာခိုင်နှုန်းသည်သာ အိမ်ထောင် ဦးစီးလုပ်ကိုင် လျှက်ရှိရာ ဤသုတေသနလုပ်ငန်းငယ်ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အမျိုးသား အိမ်ထောင်ဦးစီး လုပ်ကိုင်သည့် အိမ်ထောင်စုက ပိုမိုများပြားကြောင်း တွေ့ရှိရ ပါသည်။ အိမ်ထောင်စုအားလုံးနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းလျှက်ရှိပြီး၊ အိမ်ထောင်စုတစ်စုသာလျှင် နေ့စား လုပ်သားအနေဖြင့် အသက်မွေးဝမ်းကြောင်းလျှက်ရှိသည်။ အိမ်ထောင်စုအားလုံးနီးပါးတွင် ကိုယ်ပိုင် မြေယာရှိကြသော်လည်း၊ အိမ်ထောင်စုများ၏ (၂) ရာခိုင်နှုန်းတွင် မွေးမြူရေးဆောင်ရွက်ထားရှိသည်။

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

ကျန်းမာရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရာတွင် အိမ်ထောင်စုအားလုံးနီးပါးသည် အမျိုးသား၊ အမျိုးသမီး ညှိနှိုင်း၍ ဆုံးဖြတ်ကြသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် မြေယာမှတ်ပုံတင်ခြင်းတွင် ညှိနှိုင်းဆုံးဖြတ်ခြင်း မရှိကြကြောင်း စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ (၈၈) ရာခိုင်နှုန်းက ပြန်လည်ဖြေကြားခဲ့သည်။

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

ပြန်လည်ဖြေကြားသူများအနက်မှ (၁၃)ဦးသည် မြေသိမ်း/ယာသိမ်းသည့် ဖြစ်ရပ်နှင့် ပတ်သက်၍ ဖြေဆိုထားရာ၊ (၄)ဦးမှာ ၎င်းတို့၏ မြေယာအားလုံးကိုလည်းကောင်း၊ ကျန် (၉)ဦးမှာ ၎င်းတို့မြေယာများ၏ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း သိမ်းဆည်းခံခဲ့ရကြောင်း ဖြေကြားခဲ့ကြသည်။ ဖြစ်ရပ် (၁၃) ခုအနက် (၁၂) ခုမှာ မြန်မာစစ်တပ်မှ သိမ်းယူခဲ့ခြင်းဖြစ်သည်။ ယင်းသို့ မြေယာသိမ်းယူခံခဲ့ရမှု ကြောင့် စားနပ်ရိက္ခာဖူလုံမှုလျော့နည်းလာခဲ့ကြောင်း မြေယာသိမ်းဆည်းခံခဲ့ရသူများအားလုံးမှ တင်ပြကြသည်။ ဤအချက်သည် မြေယာသိမ်းဆည်းခံခဲ့ရသူ (၁၂)မှ မြေယာလျော်ကြေးမရရှိခဲ့ကြောင်းတင်ပြမှုနှင့်လည်း ဆက်စပ်မှုရှိနိုင်သည်။ မြေယာသိမ်းဆည်းခံခဲ့ရသူတစ်ဦး၏ ဖြေကြားချက်တွင် လျော်ကြေးရရှိခဲ့သော်လည်း ဆုံးရှုံးမှုများအတွက် ထေမိခြင်းမရှိကြောင်း ဖော်ပြထားသည်။ သို့ဖြစ်ရာ မြေယာသိမ်းဆည်းခံထားရသော်လည်း ၎င်းတို့၏ ပင်ရင်းအသက်မွေးဝမ်းကြောင်း လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း တင်ပြကြသည်။

## မြေယာဆိုင်ရာဥပဒေများ၊ မူဝါဒများအား စိတ်ပါဝင်စား၍ နားလည်သိရှိမှု

စစ်တမ်းကောက်ယူခဲ့ရာတွင် ပြန်လည်ဖြေကြားသူအများစုသည် မြေယာဆိုင်ရာ ဥပဒေများ၊ မူဝါဒ များနှင့် ပတ်သက်၍ ဗဟုသုတမရှိပါကြောင်း တွေ့ရှိခဲ့ရသည်။ ပြန်လည်ဖြေကြားသူများ၏ (၄) ရာခိုင်နှုန်းကသာ ဖွဲ့စည်းပုံအခြေခံ၊ ၁၉၉၄-ခုနှစ် မြေယာဥပဒေ (သို့မဟုတ်) ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေတို့ကို သိရှိကြောင်း တွေ့ရှိရပါသည်။ ထို့မျှသာမက ပြန်လည်ဖြေကြားသူများ၏ (၁၃) ရာခိုင်နှုန်းသည် မိမိတို့၏ မြေယာပိုင်ဆိုင်မှုပတ်သက်၍ မည်သည့်အထောက်အထားမျှ မရှိ ကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။ သို့ရာတွင် ပြန်လည်ဖြေကြားသူအများစုတွင် ပိုင်ဆိုင်ကြောင်း အထောက်အထားပြနိုင်သည့် စာရွက်စာတမ်းများ (ဥပမာ - အခွန်ပြေစာ၊ ပုံစံ -၇၊ ပုံစံ - ၁၀၅/၁၀၆ (သို့မဟုတ်) မြေဂရန်လက်မှတ်) ပိုင်ဆိုင်ထားကြပါသည် (ပုံ - ၃)။




ပုံ - ၃။ ပြန်လည်ဖြေကြားသူများပိုင်ဆိုင်သည့်မြေယာပိုင်ဆိုင်မှု အထောက်အထားများ

## မြေယာပိုင်ဆိုင်ခွင့်များ

မြေယာပိုင်ဆိုင်သူများ၏ (၈၅) ရာခိုင်နှုန်းသည် ၎င်းတို့ကိုယ်တိုင် ဝယ်ယူထားခြင်းဖြစ်ပြီး၊ (၄၅) ရာခိုင်နှုန်းမှာ မြေယာအားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အမွေဆက် ခံထားခဲ့ခြင်းဖြစ်၍ (၅) ရာခိုင်နှုန်းမှာ ၎င်းတို့ ကိုယ်တိုင် မြေယာရှင်းလင်းလုပ်ကိုင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤသုတေသနဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် မြေငှားရမ်း၍ မြေအသုံးချနေခြင်းများ မတွေ့ရှိခဲ့ရပေ။

## မိရိုးဖလာ မြေယာစီမံအုပ်ချုပ်မှုစနစ်များတွင် မြေယာအသုံးချမှုပုံစံ

ဤဒေသတွင် ဖြစ်ပွားခဲ့သော မြေယာအငြင်းပွားမှုများနှင့် မြေယာသိမ်းပိုက်ခံရမှုများသည် မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်အား တရားဝင် အသိအမှတ်မပြုခြင်း၏ ရလာဒ်များပင် ဖြစ်ပေသည်။ သုတေသနဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် မိရိုးဖလာ မြေယာစီမံအုပ်ချုပ်သည့်စနစ်နှင့် တစ်ဦးချင်း၏ မြေယာပိုင်ဆိုင်မှုကို ဖော်ပြနိုင်သည့် အထောက်အထားများ (ဥပမာ - မြေပုံ၊ အခြားမှတ်တမ်းမှတ်ရာ) များရှိ/မရှိ မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားသူများ၏ (၈၇) ရာခိုင်နှုန်းသည် မိရိုးဖလာမြေယာစီမံအုပ်ချုပ်သည့်စနစ်ရှိခဲ့ကြောင်း၊ သို့ရာတွင် (၉) ရာခိုင်နှုန်းကသာလျှင် ၎င်းတို့၏ မိရိုးဖလာ မြေယာများနှင့် ပတ်သက်၍ မြေပုံ၊ အခြားမှတ်တမ်းမှတ်ရာ အထောက်အထားများ ပြသနိုင်ကြောင်း၊ ပြန်လည်ဖြေကြားသူ အားလုံးက မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်အား တရားဝင် အသိအမှတ်မပြုခြင်း မရှိခဲ့ကြောင်း ဖြေကြားခဲ့ကြပါသည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤသုတေသနလုပ်ငန်းငယ်သည် မွန်ပြည်နယ် (အောက်ပိုင်း ဒေသများ)တွင် အသေးစားတောင်သူများ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ထင်ဟပ်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ကျင့်သုံးလျှက်ရှိသော မြေယာနှင့်ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများအား သိရှိမှုအားနည်းခြင်း၊ မြေယာပိုင်ဆိုင်ကြောင်း ပြနိုင်သည့် အထောက်အထားများ မရှိခြင်း စသည့်အချက်များက ဒေသခံ ပြည်သူများအား မြေယာသိမ်းဆည်းခံရမှုကို ပိုမိုဖြစ်ပေါ်စေသည်။ ဤသုတေသန လုပ်ငန်းငယ်တွင် လျော်ကြေးနှင့်ပတ်သက်၍ ကျေနပ်မှုမရှိခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် မြေသိမ်းခံဒေသခံ များ၏ စိုးရိမ်မှုကို သိသိသာသာ တွေ့ရှိခဲ့ရပါသည်။

# ၄

# KNGY လူထုအခြေပြုအဖွဲ့

## (ကယားပြည်နယ်/ ရှမ်းပြည်နယ် – တောင်ပိုင်း)

ဤသုတေသနလုပ်ငန်းငယ်ကို ကယားပြည်နယ် နှင့် ထိစပ်လျက်ရှိသည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာတွင် KNGY လူထု အခြေပြုအဖွဲ့မှ ဆောင်ရွက်ခဲ့ပါသည်။ ဤဒေသတွင် ၁၉၉၂-ခုနှစ်မှ ၂၀၁၆-ခုနှစ်အကြား ကာလများတွင် မြေယာသိမ်းယူခြင်းကိစ္စရပ်များ ဖြစ်ပွားခဲ့သည်။ မြေယာနှင့်ပတ်သက်သည့် ဥပဒေစနစ်များအား သိရှိမှုအားနည်းခြင်းအပြင် အစိုးရ၏ မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်များအား တရားဝင် အသိအမှတ်မပြုခြင်းများကြောင့် ဒေသခံတောင်သူများ ပိုင်ဆိုင်သည့်လယ်ယာမြေများကို စစ်တပ်မှ သိမ်းယူခဲ့ခြင်းဖြစ်သည်။ ဤသုတေသနလုပ်ငန်းငယ်တွင် မိုးဗြဲ ကျေးရွာရှိ သိမ်းဆည်းခံတောင်သူများ၏ မြေသိမ်းဆည်းခံရပြီးနောက် အသက်မွေးဝမ်းကြောင်းမှု အခြေ အနေများကို လေ့လာတင်ပြထားပါသည်။

မိုးဗြဲကျေးရွာတွင် နေထိုင်သည့် လူမျိုးစုများ မတူညီကြသကဲ့သို့ အသုံးပြုသည့် ဘာသာစကားနှင့် ကိုးကွယ်သည့် ဘာသာများလည်း ကွဲပြားကြသည်။ နေထိုင်သူအများစုသည် ကယားလူမျိုးများ ဖြစ်ကြပြီး၊ ခရစ်ယာန်ဘာသာ နှင့် ဗုဒ္ဓဘာသာကို အများစု ကိုးကွယ်ကြသည်။ အိမ်ထောင်စု (၅၁၅၇) စု ရှိပြီး၊ လူဦးရေအားဖြင့် (၂၆၆၈၇) ဦးရှိပါသည်။ မိုးဗြဲကျေးရွာကို ဖြတ်၍ စီးဆင်းလျက်ရှိသော ဘီလူးချောင်းပေါ်တွင် မိုးဗြဲဆည်ကိုတည်ဆောက်၍ ယင်းဆည်မှ မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် ပထမဆုံး ဖြစ်သော လောပိတရေအားလျှပ်စစ်ကို ထုတ်လုပ်လျက်ရှိပါသည်။ မိုးဗြဲဆည်ကို ၁၉၆၂-ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး၊ ၁၉၇၁-ခုနှစ်တွင် အပြီးသတ်ခဲ့သည်။ တောင်ကျကျေးရွာ တွင် ကုန်းမြင့်ဒေသ စိုက်ပျိုးရေးလုပ်ငန်းသည် အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်း ဖြစ် သည်။

## သုတေသနဆောင်ရွက်သည့်နည်းလမ်း

ကျေးရွာအတွင်း မြေသိမ်းခံတောင်သူများနှင့် မြေသိမ်းမခံရသော တောင်သူများအား ဒေသသုံး ဘာသာ စကားဖြင့် (တချို့တွင် ဘာသာပြန်ဆိုပေးသူဖြင့်) တွေ့ဆုံမေးမြန်း၍ ဤသုတေသန လုပ်ငန်းငယ် ဆောင်ရွက်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုတွင် ဦးစွာ မေးခွန်းများအား တောင်သူများမှ သေချာ နားလည် စေရန် ရှင်းလင်းပြောကြားပြီးမှ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ စုစုပေါင်း (၉၅)ဦးအား တွေ့ဆုံမေးမြန်းမှုခဲ့ရာ (၄)ဦးမှ ဖြေဆိုရန် ငြင်းဆိုခဲ့ပါသည်။

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

ပြန်လည်ဖြေကြားသူများသည် အသက်အရွယ်အားဖြင့် (၁၈)နှစ်မှ (၇၉)နှစ်အကြားတွင် ရှိကြပြီး၊ (၅၂.၆) ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်၍ (၄၇.၄) ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြသည်။

## လူမှုစီးပွားရေးအခြေအနေများ

ဖြေကြားသူများ၏ လေးပုံသုံးပုံကျော်သည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေး ဝမ်းကြောင်း ပြုလျှက်ရှိပြီး၊ (၇) ရာခိုင်နှုန်းသည် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းဖြင့်လည်းကောင်း၊ (၆) ရာခိုင်နှုန်းသည် နေ့စားလုပ်အားဖြင့်လည်းကောင်း အဓိကအသက်မွေးဝမ်းကြောင်း ပြုလျှက်ရှိသည် (ပုံ - ၄)။ ထို့အပြင် ပြန်လည်ဖြေကြားသူများ၏ (၁၈) ရာခိုင်နှုန်းသည် ချေးငွေများလည်း ရရှိကြ၍ (၆) ရာခိုင်နှုန်းကလည်း မိသားစုများထဲမှ အပြင်ထွက်အလုပ်လုပ်လျှက်ရှိရာ ၎င်းတို့မှ ငွေများလည်း ရှိကြောင်း ပြန်လည်ဖြေကြား ခဲ့ကြသည်။

ပြန်လည်ဖြေကြားသူများ၏ (၈၅) ရာခိုင်နှုန်းသည် စိုက်ပျိုးရန် မြေယာရှိကြပြီး၊ (၂၃) ရာခိုင်နှုန်းသည် မွေးမြူလုပ်ငန်းသာ ပိုင်ဆိုင်၍ ကျန် (၉) ရာခိုင်နှုန်းမှာ မည်သည့်အရာမျှ ပိုင်ဆိုင်ခြင်းမရှိကြောင်း ဖြေကြားခဲ့ကြသည်။ မြေယာပိုင်ဆိုင်သည်ဟု ဖြေကြားကြသူများ၏ ထက်ဝက်ကျော်သည် ၎င်းတို့ ပိုင်ဆိုင်သည့်မြေယာများမှာ အမွေဆက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြေယာခုတ်ထွင်ရှင်းလင်း၍မြေယာပိုင်ဆိုင်မှုများ လည်း ရှိကြောင်း၊ (၂၂) ရာခိုင်နှုန်းသည် မြေယာများအား ဝယ်ယူထားခဲ့ခြင်းဖြစ်ကြောင်း ပြန်လည် ဖြေကြားခဲ့ကြသည် (ပုံ - ၅)။




ပုံ - ၄။ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ




ပုံ - ၅။ မြေယာပိုင်ဆိုင်ခွင့်ရရှိခဲ့ပုံများ

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

ပြန်လည်ဖြေကြားသူများ၏ သုံးပုံတစ်ပုံကျော်သည် မြေယာသိမ်းဆည်းခံများဖြစ်ကြပြီး၊ အများစုသည် ၎င်းတို့ပိုင်ဆိုင်သည့် မြေများအားလုံးသိမ်းဆည်းခံခဲ့ရသူများ ဖြစ်ကြသည်။ မြေယာသိမ်း ဆည်းမှုများသည် ၁၉၉၀-ခုနှစ်မှ ၂၀၁၆-ခုနှစ်အကြားတွင် ဖြစ်ပွားခဲ့ပြီး၊ သိမ်းဆည်းမှုအများစုသည် ၁၉၉၂-ခုနှစ် ဖြစ်ပွားခဲ့ကာ ၁၉၉၄-ခုနှစ်နောက်ပိုင်းတွင် သိမ်းဆည်းမှုတစ်မှု၊ ၂၀၁၆-ခုနှစ်တွင် သိမ်းဆည်းမှုတစ်မှု ဖြစ်ပွားခဲ့ပါသည်။ သိမ်းဆည်းမှုတစ်မှုမှလွဲ၍ ကျန်သိမ်းဆည်းမှုအားလုံးသည် စစ်တပ်မှ သိမ်းဆည်းခဲ့ခြင်း ဖြစ်ကာ၊ သိမ်းဆည်းမှုဖြစ်ရပ်များ၏ (၆၇) ရာခိုင်နှုန်းသည် နိုင်ငံတော် လုံခြုံရေးအကြောင်းပြချက်ဖြင့် သိမ်းယူခဲ့ခြင်းဖြစ်သည်။ သိမ်းဆည်းမှုဖြစ်ရပ်များ၏ (၈၃) ရာခိုင်နှုန်းရှိ သိမ်းဆည်းမြေများအား အသုံးချခြင်းမရှိသေးဘဲ (၆) ရာခိုင်နှုန်းရှိ သိမ်းဆည်းမြေများပေါ်တွင် အခြားတောင်သူများမှ လုပ်ကိုင်လျှက်ရှိပြီး၊ (၃) ရာခိုင်နှုန်းရှိ သိမ်းဆည်းမြေများသာ နိုင်ငံတော် လုံခြုံရေးအတွက် အသုံးပြုလျှက်ရှိသည်ဟု ပြန်လည်ဖြေကြားခဲ့ကြသည်။

ပြန်လည်ဖြေကြားသူအားလုံးမှ သိမ်းဆည်းမြေများအတွက် ထိုက်သင့်သော လျော်ကြေးငွေများ မရရှိခဲ့ကြောင်းနှင့် အများစုသည် လျော်ကြေးငွေ မရရှိခဲ့ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ မြေသိမ်းဆည်းမှုနှင့် ပတ်သက်၍လည်း မည်သည့်သဘောတူညီချက် စာရွက်စာတမ်းမျှ မရှိကြောင်းကိုလည်း ဖြေကြားခဲ့ကြသည်။ မြေယာအသိမ်းခံရမှုကြောင့် စားနပ်ရိက္ခာဖူလုံမှုတွင် ဆိုးရွားစွာ ထိခိုက်ခဲ့ကြကြောင်း အားလုံးက ဖြေကြားခဲ့ကြပြီး၊ အများစုကမူ ထိခိုက်မှုသည် ပိုမိုဆိုးရွားစွာ ခံစားနေရကြောင်း ပြောကြားခဲ့ကြသည်။

## မြေယာဆိုင်ရာဥပဒေများ၊ မူဂါဒများအား စိတ်ပါဝင်စား၍ အသိရှိမှု

ပြန်လည်ဖြေကြားသူအများစုသည် ၎င်းတို့၏ မြေယာအသုံးချမှုကို ကာကွယ်ပေးနိုင်သည့် ဥပဒေများ နှင့် ပတ်သက်၍ အသိအမြင်ဗဟုသုတ မရှိကြပေ။ ဖြေဆိုသူအားလုံး၏ (၃)ရာခိုင်နှုန်းကသာလျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေ (နှင့်/သို့မဟုတ်) ၁၉၉၄-ခုနှစ် မြေယာဥပဒေကိုသာ သိရှိပါကြောင်း ဖြေကြားခဲ့သည်။ ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေ (သို့မဟုတ်) ၂၀၁၂-ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို သိရှိသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ ထို့အပြင် ပြန်လည်ဖြေဆိုသူ (၄၄)ဦး တွင် ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ မရှိပေ။ ဤအချက်သည် ဖြေဆိုသူ (၇၃) ရာခိုင်နှုန်းက ဖြေကြားခဲ့သည့် ယခင်က မိရိုးဖလာမြေယာစီမံခန့်ခွဲမှုစနစ်ရှိခဲ့သော် လည်း မြေပုံနှင့် အခြား မှတ်တမ်းမှတ်ရာများ မကျန်ရှိသည့် အချက်ကြောင့်လည်း ဖြစ်ပေမည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤသုတေသနလုပ်ငန်းငယ်သည် ရှမ်းပြည်နယ်တွင် အသေးစားတောင်သူများ၏ လက်ရှိကြုံတွေ့ နေရ သည့် အခက်အခဲများကို ထင်ဟပ်ဖော်ပြထားပါသည်။ ဤဒေသတွင် မိရိုးဖလာ မြေယာပိုင်ဆိုင် ခွင့်အား အစိုးရမှ အသိအမှတ်ပြုခဲ့ခြင်း မရှိပေ။ ထို့အပြင် မြန်မာနိုင်ငံတွင် ကျင့်သုံးလျှက်ရှိသော မြေယာနှင့် ပတ်သက်သည့် ဥပဒေများ၊ မူဂါဒများအား သိရှိမှုအားနည်းခြင်း၊ မြေယာပိုင်ဆိုင်ကြောင်း ပြနိုင်သည့် အထောက်အထားများ မရှိခြင်း စသည့်အချက်များက ဒေသခံ ပြည်သူများအား မြေယာသိမ်းဆည်းခံရမှု (သို့မဟုတ်) စစ်တပ်အပါအဝင် မြေယာသိမ်းဆည်းသူများထံမှ မြေယာသိမ်းယူမှုအတွက် ပေးရမည့် ထိုက်သင့်သောလျော်ကြေးကို ရရှိမှုမရှိခြင်းများကို ပိုမိုဖြစ်ပေါ်စေသည်။ ထိုက်သင့်သောလျော်ကြေး များကို တစ်ဦးတစ်ယောက်မျှ ရရှိခြင်းမရှိသောကြောင့် စားနပ်ရိက္ခာဖူလုံမှု ပြဿနာများကို ရင်ဆိုင် ကြုံတွေ့နေကြရသည်။

# ၄ GLAD လူထုအခြေပြုအဖွဲ့ (ရှမ်းပြည်နယ်)

ဤသုတေသနလုပ်ငန်းငယ်ကို ရှမ်းပြည်နယ် တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်သည့် ပင်လောင်းမြို့နယ် ပေါင်းလောင်း မြို့သစ်ရွာတွင် GLAD လူထုအခြေပြုအဖွဲ့မှ ဆောင်ရွက် ခဲ့ပါသည်။ ဤဒေသတွင် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ဆည်ကို ၂၀၀၅-ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး၊ ၂၀၁၅-ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးခဲ့ပါသည်။ ၂၀၁၃-ခု နှစ်တွင် ဆည်၏ အနီးတဝိုက်ရှိ လယ်ယာမြေများ၊ ဥယျာဉ်ခြံများနှင့် စိုက်ခင်းဧရိယာများမှာ ရေလွှမ်းမိုး ခံခဲ့ရကာ အဆိုပါစီမံကိန်းကြောင့် ကျေးရွာအုပ်စု (၂)စုအတွင်းရှိ ကျေးရွာပေါင်း (၂၃)ရွာနှင့် မိသားစု ပေါင်း (၂၅၂၄) စုကို အခြားကျေးရွာ (၃)ရွာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။

စီမံကိန်းမဆောင်ရွက်မီနှင့် ဆောင်ရွက်နေစဉ် ကာလတွင်လည်း စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံ ပြည်သူများအား သတင်းအချက်အလက် ဖြန့်ဝေခြင်းမရှိခဲ့သည့်အပြင် စီမံကိန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍လည်း တစ်စုံတစ်ရာ ပြောကြားခွင့် မရှိခဲ့ပေ။ ထိုမျှသာမက ဒေသခံပြည်သူများအတွက် မြေယာဆုံးရှုံးမှု နစ်နာကြေးများကို ဆောင်ရွက်ပေးမည့် စနစ် နှင့် ပြန်လည်နေရာချထားရေး အစီအစဉ် များလည်း မရှိခဲ့ပေ။ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သည့် နည်းလမ်းမရှိခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ ဒေသခံပြည်သူများက သက်ဆိုင်ရာဌာနများသို့ ၎င်းတို့ ဆုံးရှုံးခဲ့ရသည့် မြေယာများအတွက် လျော်ကြေးငွေများကို တောင်းဆိုခဲ့ကြသည်။

ပေါင်လောင်းမြို့သစ်တွင် ကယန်း၊ ဗမာနှင့် ကရင်စသော လူမျိုးစုများ နေထိုင်ကြသည်။ မိရိုးဖလာ တောင်ယာလုပ်ငန်းနှင့် မြေနိမ့်ပိုင်းတွင် ဥယျာဉ်ခြံလုပ်ခြင်းသည် ယင်းတို့၏ ပင်မ အသက်မွေးဝမ်း ကြောင်းလုပ်ငန်းများပင် ဖြစ်ပါသည်။ ဆည်စီမံကိန်းကြောင့် မြေနိမ့်ပိုင်း ဥယျာဉ်ခြံလုပ်ငန်းများသည် ဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင်တော့ဘဲ အတွေ့အကြုံ ဗဟုသုတမရှိသည့် အခြားစိုက်ပျိုးရေး လုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်လာခဲ့ကြရသည်။ ဤကဲ့သို့ လက်ရှိအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှ ပြောင်းလဲ၍ ကြိုးစားရုန်းကန် ခြင်း၊ နေထိုင်ရာနေရာများ ရွှေ့ပြောင်းရခြင်းများကြောင့် စီးပွားရေး၊ လူမှုရေးမတည်ငြိမ်မှုများနှင့် ရင်ဆိုင်လာခဲ့ကြရသည်။ နေအိမ်များအတွက် မြေအစား ထိုးပေးခြင်း၊ အိမ်ဆောက်ရန် စရိတ်ပေးခြင်းများရှိသည်။ လယ်ယာမြေများအတွက် ကုန်းမြင့် လယ်ယာမြေဖော် ဆောင်ပေးမည်ဟု ပြောသော်လည်း ယခုအချိန်ထိ အကောင်အထည်ဖော်ထားခြင်း မရှိသည်ကို တွေ့ရသည်။ လျော်ကြေးပေးအပ်မှုဖြစ်စဉ်တွင်လည်း အကျင့်ပျက်မှုနှင့် မတရားမှုများ ရှိနေသည်။

ဤသုတေသနလုပ်ငန်းငယ်တွင် ဆည်စီမံကိန်းကြောင့် ပြောင်းလဲခဲ့ရသော ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုအခြေအနေများနှင့် ဖြစ်ပွားသွားခဲ့သော မြေယာသိမ်းယူမှုကိစ္စရပ်များကို အသေးစိတ်ဖော်ထုတ်၍ တင်ပြထားပါသည်။ အပြောင်းအလဲများကို ဖော်ထုတ်ထားပြီး၊ ဒေသခံပြည်သူများ၏ မြေယာဆိုင်ရာ ဥပဒေစနစ်အား နားလည်မှုအခြေအနေများကိုပါ တင်ပြထားပါသည်။

# သုတေသနဆောင်ရွက်သည့်နည်းလမ်း

ဆည်စီမံကိန်းကြောင့် မြေသိမ်းဆည်းခံခဲ့ရသည့် ဒေသခံ စုစုပေါင်း (၆၇)ဦးအား စစ်တမ်းကောက်ယူခဲ့ပါသည်။

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

ဖြေကြားသူ (၆၇)ဦးအနက် (၇၂) ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး၊ (၂၈) ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပါသည်။ အမျိုးသားတစ်ဦးမှလွဲ၍ ကျန်ဖြေဆိုသူအမျိုးသားများအားလုံးသည် အိမ်ထောင်ဦးစီးများဖြစ်ပါသည်။ ဖြေဆိုသူအမျိုးသမီးများထဲမှ (၂၁) ရာခိုင်နှုန်းသည်လည်း အိမ်ထောင်ဦးစီးများ ဖြစ်ကြပါသည်။

## လူမှုစီးပွားရေးအခြေအနေများ

ဖြေဆိုသူအားလုံးနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုလျက်ရှိပြီး၊ ဖြေဆိုသူ (၃)ဦးကသာ နေ့စားအလုပ်သမားများ ဖြစ်ကြသည်။ ဖြေဆိုသူအားလုံးနီးပါးတွင် မြေယာပိုင်ဆိုင်ကြပြီး၊ (၃)ဦးသာလျှင် ပိုင်ဆိုင်သည့် မြေယာမရှိကြပေ။

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

မြေယာမှတ်ပုံတင်ခြင်းတွင် ဆုံးဖြတ်ချက်ချပုံနှင့် ကျန်းမာရေး၊ ပညာရေးအတွက် ဆုံးဖြတ်ချက်ချပုံ ခြင်းသိသိသာသာ ကွဲလွဲချက်ရှိပါသည်။ စစ်တမ်းကောက်ယူချက်အရ (၉၁)ရာခိုင်နှုန်းသော မြေယာ မှတ်ပုံတင်ခြင်းတွင် ဆုံးဖြတ်ချက်ချမှုကို အမျိုးသားအိမ်ထောင်ဦးစီးကသာလျှင် ဆောင်ရွက်၍ အမျိုးသား၊ အမျိုးသမီး ညှိနှိုင်းဆုံးဖြတ်ချက်ချခြင်းမျိုး မရှိပေ။ သို့ရာတွင် ကျန်းမာရေးဆိုင်ရာကိစ္စများတွင် ညှိနှိုင်းဆုံးဖြတ်သည်ဟု (၈၉) ရာခိုင်နှုန်းကလည်းကောင်း၊ ပညာရေးဆိုင်ရာကိစ္စရပ်များတွင် ညှိနှိုင်းဆုံးဖြတ်သည်ဟု (၉၅) ရာခိုင်နှုန်းကလည်းကောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။ မည်သည့် ကိစ္စရပ်ပင်ဖြစ်စေ အမျိုးသမီးတည်း ဆုံးဖြတ်ချက်ချသည်မှာ မရှိကြပေ (ပုံ - ၆)။




ပုံ - ၆။ မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများတွင် ဆုံးဖြတ်ချက်ချခြင်း

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

ပြန်လည်ဖြေကြားသူများ၏ (၇၀) ရာခိုင်နှုန်းသည် မြေယာသိမ်းဆည်းခံများဖြစ်ကြပြီး၊ မြေယာသိမ်းဆည်းမှုတစ်မှုမှလွဲ၍ ကျန်အမှုများသည် ဆည်စီမံကိန်းကြောင့် ရေလွှမ်းမိုးခဲ့သည့် ၂၀၁၃-ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။ ပြန်လည်ဖြေကြားသူ (၂)ဦးကသာ ၎င်းတို့၏ မြေယာဆုံးရှုံးမှုများအတွက် ထိုက်သင့်သော လျော်ကြေးငွေများ ရရှိခဲ့သည်ဟု ဖြေကြားခဲ့သော်လည်း ကျန်ပြန်လည်ဖြေကြားသူအားလုံးမှာ ထိုက်သင့်သော လျော်ကြေးငွေများ လုံးဝမရရှိခဲ့ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ လျော်ကြေးနှင့်ပတ်သက်၍ မည့်သည့်အဖွဲ့အစည်းကို တိုင်ကြားရမည်ကို မသိရှိကြောင်း မြေယာသိမ်းဆည်းခံ ဒေသခံများအားလုံးမှ ပြောကြားခဲ့သည်။ မြေယာသိမ်းဆည်းခံရပြီးနောက် အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ အပြောင်းအလဲမရှိဘဲ စိုက်ပျိုးရေးကိုသာ ဆက်လက်လုပ်ကိုင်နေကြသည်။ သို့ရာတွင် မြေယာအသိမ်းခံရမှုကြောင့် စားနပ်ရိက္ခာဖူလုံမှုတွင် ဆိုးရွားစွာ ထိခိုက်ခဲ့ကြကြောင်း အားလုံးက ဖြေကြားခဲ့ကြပြီး၊ အစိုးရက သင့်လျော်သည့် လျော်ကြေးပေးလျော်မှုများ စီစဉ်ပေးရန် တာဝန်ယူသင့်သည့်ဟု ပြောကြားခဲ့ကြသည်။

## မြေယာဆိုင်ရာဥပဒေများ၊ မူဝါဒများအား စိတ်ပါဝင်စား၍ အသိရှိမှု

ဒေသခံပြည်သူများသည် ၎င်းတို့၏ မြေယာများကို အကာအကွယ်ပေးနိုင်သည့် မြေယာဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေ၊ ၁၈၉၄-ခုနှစ် မြေသိမ်းအက်ဥပဒေ စသည်တို့ကို သိရှိနားလည်ခြင်း မရှိကြပေ။ မြေယာသိမ်းဆည်းခံထားရသူ ထက်ဝက်ခန့်က လျော်ကြေးနှင့်ပတ်သက်၍ တင်ပြရသည့်လုပ်ငန်းစဉ်များတွင် မည်သည့်အကူအညီမျှ မရရှိခဲ့ကြောင်း ဖော်ပြကြသည်။ သို့ရာတွင် အခြား (၃၀) ရာခိုင်နှုန်းက အစိုးရထံမှ အကူအညီများ ရရှိခဲ့ကြောင်းနှင့် ကျန် (၂၀) ရာခိုင်နှုန်းက အခြားသူများထံမှ အကူအညီများ ရရှိခဲ့ကြောင်း ဖြေကြားကြသည် (ပုံ - ၇)။ အများအားဖြင့် ကွင်းဆင်းလေ့လာရေးလာသည့်အခါများတွင် ပံ့ပိုးမှုရရှိခဲ့ခြင်း ဖြစ်သည်။




ပုံ - ၇။ လျော်ကြေးတောင်းဆိုမှုတွင်ရရှိခဲ့သောကူညီပံ့ပိုးမှုများ

## မြေယာပိုင်ဆိုင်ခွင့်၊ တရားဝင် စာရွက်စာတမ်းများနှင့် မိရိုးဖလာ မြေယာစီမံအုပ်ချုပ်မှုစနစ်များ

ပြန်လည်ဖြေကြားသူများ၏ (၉၃) ရာခိုင်နှုန်းသည် မိမိတို့ကိုယ်တိုင် ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် မြေယာပိုင်ဆိုင်ခွင့်ရရှိခဲ့ကြပြီး၊ (၆) ရာခိုင်နှုန်းသာလျှင် အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ခွင့် ရရှိခဲ့ကာ ကျန်ရှိသော ဖြေကြားသူများမှာ အခြားနည်းလမ်းများဖြင့် မြေယာပိုင်ဆိုင်ခွင့် ရရှိနေသူများ ဖြစ်ကြသည်။ သို့ရာတွင် အမွေဆက်ခံထားသည့် ဖြေကြားသူများမှာ လက်ရှိတွင် အမွေဆက်ခံထားသည့် မြေယာများ မရှိတော့ဘဲ မြေယာအသစ်များကို ကိုယ်တိုင်ခုတ်ထွင်ရှင်းလင်းစေခဲ့သည်။ ထို့အပြင် ပြန်လည်ဖြေကြား သူထက်ဝက်နီးပါးသည် ၎င်းတို့မြေယာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ အထောက်အထားများ မရှိကြပေ။ ၎င်းတို့တွင် အခွန်ပြေစာသာရှိပြီး၊ ပုံစံ-၇ (သို့မဟုတ်) ပုံစံ - ၁၀၅/၁၀၆ (သို့မဟုတ်) မြေယာအသုံးချခွင့် လက်မှတ်မှာ မည်သူမှ မရှိကြပါ။ ယခင်က ကျေးရွာအတွင်းတွင် မိရိုးဖလာ မြေယာစီမံအုပ်ချုပ်သည့်စနစ်ဖြင့် ကျင့်သုံးခဲ့ပြီး မြေပုံ (သို့မဟုတ်) မှတ်တမ်းမှတ်ရာဟူ၍ မရှိခဲ့ကြောင်း ပြန်လည်ဖြေကြားသူအားလုံးမှ ဖြေကြားခဲ့သည်။ ထို့အပြင် အစိုးရကလည်း ၎င်းတို့ကျေးရွာတွင် ကျင့်သုံးလျှက်ရှိသည့် မိရိုးဖလာ မြေယာစီမံအုပ်ချုပ်သည့်စနစ်အား အသိအမှတ်ပြုမပေးခဲ့ကြောင်းလည်း ဖြေကြားခဲ့ကြပါသည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤသုတေသနလုပ်ငန်းငယ်သည် ဆည်တည်ဆောက်ခြင်းကြောင့် ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ လေ့လာတင်ပြထားပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရေအား လျှပ်စစ်စက်ရုံတည်ဆောက်ခြင်းကြောင့် စစ်တမ်းကောက်ယူခဲ့သည့် ဒေသတွင် စိုက်ပျိုးမြေများ ရေနစ်မြုပ်၍ ကျေးရွာ (၂၃) ရွာမှ လူဦးရေ (၂၅၂၅)ဦး ပြောင်းရွှေ့ပေးခဲ့ရသည်။ ဤဒေသတွင် အစိုးရ မှ အသိအမှတ်ပြုမပေးသော မိရိုးဖလာမြေယာပိုင်ဆိုင်သည့်စနစ်ကျင့်သုံးခဲ့သည်။ ထို့အပြင် ဒေသခံ ပြည်သူ

များသည် ၎င်းတို့၏ မြေယာများကို ကာကွယ်ပေးနိုင်သည့် (သို့မဟုတ်) ၎င်းတို့၏ မြေယာ ဆုံးရှုံးမှုအတွက် သင့်လျော်သော နစ်နာကြေးလက်ခံရရှိစေရန် အထောက်အကူပြုပေးနိုင်သည့် မြန်မာနိုင်ငံတွင် ကျင့်သုံးလျှက်ရှိသော ဥပဒေများ၊ မူဝါဒများနှင့်ပတ်သက်၍ သိရှိနားလည်မှုအားနည်းသည်။ လက်ရှိတွင် ဆည်စီမံကိန်းကြောင့် ၎င်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ ပြောင်းလဲခဲ့ရပြီး၊ စားနပ်ရိက္ခာဖူလုံနှင့်ပတ်သက်၍ လည်းကောင်း၊ စီးပွားရေးနှင့် လူမှုရေးတည်ငြိမ်မှုနှင့် ပတ်သက်၍လည်းကောင်း အခက်အခဲများ ကြုံတွေ့နေရသည်။ နောက်နောင်တွင် ဆည်စီမံကိန်းများရှိပါက စီမံကိန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများအား အသိပေးရန်လိုအပ်ပြီး၊ စီမံကိန်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် လုံလောက်သော နစ်နာကြေးများများ ပေးသင့်သည်။ ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ ရင်ဆိုင်ကြုံတွေ့ရမည့် အကျိုးဆက်များကို လျော့ချနိုင်မည် ဖြစ်သည်။

# ၅ စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်သူလယ်သမားများ သမဂ္ဂ

ဤသုတေသနလုပ်ငန်းငယ်ကို စစ်ကိုင်းတိုင်း ဒေသကြီးတွင် SRFU လူထုအခြေပြုအဖွဲ့မှ ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ် တို့တွင် ချည်မျှင်နှင့် အထည်စက်ရုံများ တည်ဆောက်ခြင်း၊ လက်ပတောင်း ကြေးနီ သတ္တုတူးဖော်ခြင်း၊ ဆည်တည်ဆောက်ခြင်းစသည့် စီမံကိန်းများစွာကို လွန်ခဲ့သောနှစ်များကပင် ဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့စီမံကိန်းများ ပေါ်ပေါက်လာခြင်းသည် မြေယာသိမ်းဆည်းခြင်း၊ နစ်နာကြေးပေးခြင်းနှင့် ရေပေးဝေမှု စသည်တို့တွင် အခက်အခဲများ ဖြစ်ပေါ်လာစေသည်။ တောင်သူလယ်သမားများသည် ၎င်းတို့၏ သီးနှံနှင့် မြေယာများ ဆုံးရှုံးခဲ့ရပြီး၊ အချို့မှာ အသက်မွေးဝမ်းကြောင်းမှုအတွက် ခက်ခဲစွာ ရုန်းကန်နေကြရသည်။ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပွင့်လင်း မြင်သာ မှုမရှိခြင်း၊ ပူးပေါင်းပါဝင်စေမှုမရှိခြင်း (သို့မဟုတ်) ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် မေးခွန်းထုတ်စရာဖြစ်နေခြင်း စသည့် ကိစ္စရပ်များ ကြုံတွေ့နေရသည်ဟု တောင်သူလယ်သမားများက ဖော်ပြကြသည်။

ဤသုတေသနလုပ်ငန်းငယ်သည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုအခြေအနေများအား သိရှိနားလည်ရန်နှင့် မြေယာ အသိမ်းခံရမှု၏အကျိုးဆက်များ၊ နစ်နာကြေး ပေးလျော်သည့် လုပ်ငန်းစဉ်များအား သိရှိနားလည်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် မြေယာဆုံးရှုံးခဲ့ရသည့် တောင်သူများ၏ နေထိုင်မှု အဆင့်အတန်းများနှင့် အသိပညာ အခြေအနေများကို ဖော်ထုတ်၍ ၎င်းတို့အား ကူညီ ထောက်ပံ့ပေးနိုင်မည့် နည်းလမ်းများကို လေ့လာဖော်ထုတ်ထားပါသည်။

## သုတေသနဆောင်ရွက်သည့်နည်းလမ်း

တွေ့ဆုံမေးမြန်းမှုတွင် ပူးပေါင်းပါဝင်မည့် ဒေသခံများအား ရွေးချယ်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် ရွေးချယ်ခဲ့ပြီး၊ ၂၀၁၈-ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ၎င်းဒေသခံများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ နမူနာကောက်ယူခဲ့ရာတွင် ကျား/မနှင့် အသက်အရွယ်မျှတမှုကို ထည့်သွင်းစဉ်းစားထားခြင်းမရှိပေ။ တွေ့ဆုံမေးမြန်းမှုသည် တစ်ဦးလျှင် မိနစ် (၃၀)ခန့် ကြာမြင့်ပြီး၊ စုစုပေါင်း (၃၁)ဦးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

ပြန်လည်ဖြေကြားသူ (၃၁)ဦးတွင် အမျိုးသား (၂၀)ဦးနှင့် အမျိုးသမီး (၁၁)ဦး ပါဝင်ပေသည်။ ပြန်လည်ဖြေကြားသူ အမျိုးသားဦးရေ၏ (၈၆) ရာခိုင်နှုန်းသည် အိမ်ထောင်ဦးစီးများဖြစ်၍ ပြန်လည် ဖြေကြားသူ အမျိုးသမီးဦးရေ၏ (၁၁) ရာခိုင်နှုန်းသော အမျိုးသမီးများသည် အိမ်ထောင်ဦးစီးလျှက် ရှိသည်။

## လူမှုစီးပွားရေးအခြေအနေများ

ပြန်လည်ဖြေကြားသူများ၏ (၆၈) ရာခိုင်နှုန်းသည် စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးဝမ်းကြောင်းလျှက် ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအပြင် စိုက်ပျိုးရေးချေးငွေများလည်းရရှိကြောင်း (၅၈) ရာခိုင်နှုန်းက ပြန်လည်ဖြေကြားခဲ့သည် (ပုံ - ၈)။

## မြေယာပိုင်ဆိုင်ခွင့်နှင့် တရားဝင် စာရွက်စာတမ်းများ

ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများ၏(၈၃) ရာခိုင်နှုန်းသည် မြေယာ ပိုင်ဆိုင်ကြပြီး၊ (၃၅) ရာခိုင်နှုန်းသည် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြ၍ (၁၃) ရာခိုင်နှုန်းမှာ မြေယာနှင့် မွေးမြူရေးလုပ်ငန်းများ ပိုင်ဆိုင်ခြင်း မရှိပါ။ မြေယာပိုင်ဆိုင်မှုအထောက်အထားနှင့် ပတ်သက်၍ ပြန်လည် ဖြေကြားသူ (၂) ဦးတွင် အထောက်အထားစာရွက်စာတမ်းများ မရှိဘဲ၊ (၁၇)ဦး တွင် ပုံစံ - ၁၀၅/၁၀၆ များရှိကာ (၃)ဦးတွင် အခွန်ပြေစာများသာ ရှိပါသည်။ ပြန်လည်ဖြေကြားသူများ အသုံးပြုလျှက်ရှိသည့် မြေယာများ၏ (၈၄) ရာခိုင်နှုန်းသည် အမွေဆက်ခံခြင်းမှ ရရှိလာသော မြေယာများဖြစ်ပြီး၊ ကျန် (၁၆) ရာခိုင်နှုန်းမှာ ဝယ်ယူထားသည့် မြေယာများ ဖြစ်သည်။




ပုံ - ၈။ ဝင်ငွေရင်းမြစ်များ

ချေးငွေယူထားသော ပြန်လည်ဖြေကြားသူများသည် ၎င်းတို့နှစ်စဉ်ဝင်ငွေ၏ ပျမ်းမျှ (၃၀) ရာခိုင်နှုန်းကို ချေးငွေပြန်လည်ဆပ်ရန် သုံးစွဲနေကြရသည်။ ချေးငွေ ပြန်ဆပ်နေရသည်နှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာ ချေးငွေယူထားသူများ၏ (၅၀)ရာခိုင်နှုန်းသည် ပြန်ဆပ်ရန် အဆင်ပြေနေသေးကြောင်း ဖြေကြားခဲ့သော်လည်း (၁၇) ရာခိုင်နှုန်းသည် မသေချာကြောင်းနှင့် (၃)ရာခိုင်နှုန်းမှာ ချေးငွေပြန်မဆပ်နိုင်တော့သဖြင့် ၎င်းတို့မြေယာများဆုံးရှုံးရတော့မည်ဖြစ်ကြောင်း ဖြေကြားခဲ့ကြသည်။

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

ပြန်လည်ဖြေကြားသူထက်ဝက်ကျော်သည် မြေယာသိမ်းခံခဲ့ရသူများဖြစ်ပြီး၊ ယင်းတို့အနက် (၆၇) ရာခိုင်နှုန်းမှာ ၎င်းတို့ပိုင်ဆိုင်သည့် မြေယာများ၏ တစ်စိတ်တစ်ပိုင်းသာ သိမ်းဆည်းခံခဲ့ရ၍ (၃၃) ရာခိုင်နှုန်းမှာ ပိုင်ဆိုင်သည့်မြေယာအားလုံးသိမ်းဆည်းခံခဲ့ရသည်။ ၁၉၉၁-ခုနှစ်တွင် မြေယာသိမ်းခံရသည့် ဖြစ်ရပ် (၁၁)ခု၊ ၁၉၉၆-ခုနှစ်တွင် (၄)ခုနှင့် ကျန်ဖြစ်ရပ်များမှာ ၂၀၁၀-ခုနှစ်နှင့် ၂၀၁၃-ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။ မြေယာသိမ်းဆည်းသည့် ဖြစ်ရပ်များအနက် တစ်ခုမှလွဲ၍ ကျန်ဖြစ်ရပ်များ မှာ အစိုးရမှ သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး၊ အခြားဖြစ်ရပ်တစ်ခုမှာ ပုဂ္ဂလိကကုမ္ပဏီမှ သိမ်းယူသည့် ထူးခြားဖြစ်ရပ်ဖြစ်သည်။ သို့သော်လည်း မြေယာသိမ်းယူသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် (၆၁) ရာခိုင်နှုန်းသော ဖြေဆိုမှုများသည် ၎င်းတို့၏မြေယာများကို ရင်းနှီး မြှုပ်နှံမှုအတွက် သိမ်းယူခံခဲ့ရခြင်းဖြစ်ကြောင်းနှင့် (၁၇) ရာခိုင်နှုန်းသာလျှင် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည် (ပုံ - ၉)။ လက်ရှိအခြေအနေတွင် သိမ်းယူခဲ့စဉ်က မြေအသုံးချမှုနှင့် ကွဲလွဲလျှက်ရှိနေပြန်သည်။ သိမ်းဆည်းမြေများ၏ (၃၃) ရာခိုင်နှုန်းကို ပုဂ္ဂလိကကုမ္ပဏီများကလည်းကောင်း၊ နောက်ထပ် (၃၃) ရာခိုင်နှုန်းကို ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လည်းကောင်း၊ အခြား (၁၁) ရာခိုင်နှုန်းကို အခြားတောင်သူများကလည်းကောင်း မြေအသုံးချလျှက်ရှိသည်ဟုလည်း ဖြေကြားခဲ့ကြသည်။ မြေသိမ်းခံဒေသခံ (၁၈)ဦးအနက် (၈)ဦးသည် မြေယာ အသိမ်းခံရမှုနှင့် စပ်လျဉ်း၍ နစ်နာကြေးကိစ္စများအတွက် မည်သည့် သဘောတူညီချက်မျိုး (သို့မဟုတ်) လက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းမျိုးမျှ မရှိကြောင်း ဖြေကြားခဲ့သည်။ အခြား (၈)ဦးမှာ နစ်နာကြေးလက်ခံရရှိကြောင်း သဘောတူညီချက်တွင် လက်မှတ်ရေးထိုးပေးရန် တွန်းအား ပေးစေခိုင်းခံခဲ့ရကြောင်း ဖြေကြားခဲ့ကြသည်။ သိမ်းဆည်းခံမြေယာအတွက် လုံလောက်သော လျော်ကြေးများ မရရှိခဲ့ကြောင်း အားလုံးက ဖြေကြားခဲ့ကြပြီး၊ (၂)ဦးကမူ မည်သည့်နစ်နာကြေးမျှ မရရှိခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။




ပုံ - ၉။ မြေယာသိမ်းဆည်းရသည့်အကြောင်းပြချက်များ




ပုံ - ၁၀။ သိမ်းဆည်းမြေ အသုံးချနေမှုများ

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤသုတေသနလုပ်ငန်းငယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေယာသိမ်းပိုက်မှုများကြောင့် ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်ပုံများနှင့် နစ်နာကြေးနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းနေပုံများကို တင်ပြထားပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ဒေသများတွင် မြေယာဆုံးရှုံးခဲ့ရသူများသည် မြေယာပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများနှင့် ပတ်သက်၍ သိရှိနားလည်ထားသော်လည်း နစ်နာကြေးပေးလျော်မှု၏အားနည်းချက်များကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆုံးရှုံးရခြင်းနှင့် စီးပွားရေးဖူလုံမှုမရှိခြင်းများနှင့် ရင်ဆိုင်နေကြရပါသည်။

# ၆

# WHH- Welt Hunger Hilfe

## (ရှမ်းပြည်နယ် မြောက်ပိုင်း)

ဤသုတေသနလုပ်ငန်းငယ်ကို ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်ရှိ ပုန်းထုန်းကျေးရွာအုပ်စု၊ ပါဆာကျေးရွာနှင့် ကောင်းကဲ (အီ) ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာနှင့်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ဤကျေးရွာများတွင် မြေယာအများ အပြားသိမ်းဆည်းခံခဲ့ရခြင်းမရှိသော်လည်း လက်ရှိအခြေအနေတွင် မြေဂယ်လိုအားမြင့် တက်လာခြင်းနှင့် မြေယာဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဖိအားများ မြင့်တင်လျှက်ရှိသည်။ ဤဒေသတွင် လူဦးရေတိုးပွားလျှက်ရှိရာ စိုက်ပျိုးရေးအတွက် မြေယာလိုအပ်ချက်မှာလည်း မြင့်မားလာလျှက်ရှိပေသည်။ သို့ဖြစ်ရာ မြေယာပိုင်ရှင်များနှင့် မြေယာသုံးစွဲနေသူများအကြား အငြင်းပွားမှုများနှင့် လူဦးရေတိုးပွားလာမှုကြောင့် မြေအသုံးချမှု မြင့်မားလာကာ ပတ်ဂန်းကျင် ထိန်းသိမ်းရေးတွင်လည်း အခက်အခဲများကြုံတွေ့နေရပါသည်။ မြေယာကို ငှားနိုင်၊ ရောင်းချနိုင်သည့် မြေပိုင်ရှင်များသည် လွှမ်းမိုးချယ်လှယ်သူများဖြစ်ကြပြီး၊ အသက်မွေးဂမ်းကြောင်းအတွက် မြေယာကို အမှီပြုနေရသူ များမှာ ကြီးမားလာသော စီးပွားရေးဆုံးရှုံးမှုများ၏ သားကောင်များသဖွယ် ဖြစ်နေပေသည်။ ထို့အပြင် ဒေသခံများက သတ်မှတ်ထားသော လယ်ယာဘုံမြေနှင့် ကြိုးပိုင်းမြေအဖြစ် သတ်မှတ်၍ မြေအသုံးချမှုများအကြား တင်းမာမှုများ ရှိနေပါသည်။ လက်ရှိအခြေအနေတွင် ဒေသခံပြည်သူများသည် သစ်တောများ အားသစ်နှင့် အခြား သစ်တောထွက်ပစ္စည်းများအတွက် အသုံးပြု နေကြသည်။ လားရှိုးမြို့နယ် သစ်တောဦးစီးဌာနမှလည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ လျှောက်ထားလာစေရေးအတွက် ကြိုးပမ်းလျှက်ရှိသည်။

ပစားကျေးရွာတွင် အိမ်ထောင်စု (၆၇)စုရှိပြီး၊ လူဦးရေ (၂၆၃)ဦးရှိပါသည်။ ညောင်ပင်သာ ကျေးရွာတွင် အိမ်ထောင်စု (၄၈)စုနှင့် လူဦးရေ (၁၉၂)ဦး ရှိပါသည်။ ကျေးရွာ (၂)ရွာစလုံးတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး၊ ပြောင်ဖူးနှင့် နာနတ်စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဂမ်းကြောင်း ပြုလျှက်ရှိကာ မွေးမြူရေးလုပ်ငန်းများလည်း ရှိပါသည်။

ဒေသခံပြည်သူများ၏ မြေယာနှင့်ဆက်စပ်၍ လက်ရှိ အသက်မွေးဂမ်းကြောင်းလုပ်ငန်း အခြေအနေများ သိရှိရန်နှင့် မြေယာသိမ်းခံ ရခြင်းမဖြစ်စေရေး ဒေသခံများ၏ မြေယာပိုင်ဆိုင်ခွင့် လုံခြုံမှု မြင့်မားလာစေမည့် နည်းလမ်းများ ဖော်ထုတ်ရန် ဤသုတေသန လုပ်ငန်းငယ်ကို ဆောင်ရွက်ခဲ့ပါသည်။

# သုတေသနဆောင်ရွက်သည့်နည်းလမ်း

စုစုပေါင်း လူဦးရေအယောက် (၈၀)အား တွေ့ဆုံမေးမြန်းခဲ့ရာ တစ်ဦးတစ်ယောက်မျှ ဖြေဆိုရန် ငြင်းဆိုခြင်း မရှိပေ။ ကျား/မနှင့် အသက်အရွယ်မျှတမှုကို ထည့်သွင်းစဉ်းစားထားခြင်းမရှိဘဲ ဖြေကြားသူများကို ကျပန်းရွေးချယ်၍ ၂၀၁၈-ခုနှစ်၊ ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်း၍ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုသည် တစ်ဦးလျှင် မိနစ် (၂၀)ခန့် ကြာမြင့်ပါသည်။ ဤကဲ့သို့ စစ်တမ်းကောက်ယူခြင်းသည်ဒေသခံများအတွက်ပထမဆုံးဖြစ်နေ၍အချို့သောဖြေကြားသူများအတွက် မေးခွန်းများမှာ နားလည်ရန်ခက်ခဲနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မေးလိုသည်များကို သေချာ နားလည်၍ မေးခွန်းများကို ဆီလျော်စွာ ဖြေကြားနိုင်သည်အထိ ရှင်းလင်းပြောကြားပေးခဲ့ပါသည်။

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

ဖြေကြားသူ (၈၀)ဦးအနက် (၃၂)ဦးမှာ အမျိုးသားများဖြစ်ပြီး (၄၈)ဦးမှာ အမျိုးသမီးများ ဖြစ်သည်။ အသက်အရွယ်အားဖြင့် အသက် (၂၀)နှစ်မှ (၈၀)နှစ်အကြားတွင် ရှိပါသည်။ ဖြေကြားသူအမျိုးသား တစ်ဦးမှလွဲ၍ ကျန်အမျိုးသားများအားလုံးသည် အိမ်ထောင်ဦးစီးများဖြစ်ပြီး၊ ဖြေကြားသူအမျိုးသမီး များအနက် (၁၅)ဦးသည် အိမ်ထောင်ဦးစီးများဖြစ်ကြသည်။

## လူမှုစီးပွားရေးအခြေအနေများ

ဒေသခံများ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း ဖြေကြားသူ အများစု ပြောကြားခဲ့ပြီး၊ ဖြေကြားသူ (၂)ဦးမှာ နေ့စားလုပ်သားများဖြစ်သည်။ ထို့အပြင် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာ ဖြေကြားသူ(၇၃)ဦးတွင် ကိုယ်ပိုင် မြေယာများရှိပြီး၊ (၂၃) ဦးတွင် မွေးမြူရေးလုပ်ငန်းများ ပိုင်ဆိုင်ကြသည်။ (၄)ဦးသာလျှင် မြေယာနှင့် မွေးမြူရေးလုပ်ငန်းများ ပိုင်ဆိုင်ခြင်း မရှိကြောင်း ဖြေကြားခဲ့သည်။ စိုက်ပျိုးရေးဝင်ငွေအပြင် ဖြေကြားသူများ၏ (၉၁)ရာခိုင်နှုန်းတွင် စိုက်ပျိုးရေး ချေးငွေရရှိပြီး၊ (၁၉) ရာခိုင်နှုန်းတွင် မိသားစုများ ထဲမှ အပြင်ထွက်အလုပ်လုပ်လျက်ရှိရာ ၎င်းတို့မှ လွှဲငွေများလည်းရှိကြောင်း၊ (၃) ရာခိုင်နှုန်းတွင် အခြားဝင်ငွေများရှိကြောင်း ဖြေကြားခဲ့ကြသည်။ သို့ရာတွင် ချေးငွေရယူသူများသည် ၎င်းတို့နှစ်စဉ် ဝင်ငွေ၏ ပျမ်းမျှ (၄၃)ရာခိုင်နှုန်းကို ချေးငွေပြန်ဆပ်ရန် သုံးစွဲနေရကြောင်း ဖြေကြားခဲ့ကြသည်။

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများအားဖြင့် အခြား မိသားစုဝင်များနှင့် ညှိနှိုင်းတိုင်ပင်ခြင်းမရှိဘဲ အမျိုးသားအိမ်ထောင်ဦးစီးများကသာ ဆုံးဖြတ်လေ့ရှိကြ သည် (ပုံ - ၁၁)။




ပုံ - ၁၁။ မြေယာ၊ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ခြင်း

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

ဤဒေသတွင် မြေသိမ်းပိုက်မှုဖြစ်ရပ်များ ကြုံတွေ့ရမှု ရှားပါးပါသည်။ ဖြေကြားသူများအနက် တစ်ဦးသာလျှင် မြေယာသိမ်းခံရမှုရှိခဲ့သည်ဟု ဖြေကြားခဲ့သည်။ ယင်းဖြေကြားသူသည် မြေယာသိမ်းခံရမှု နှင့်ဆက်စပ်၍ နောက်ဆက်တွဲ မေးခွန်းအား ပြန်လည်ဖြေကြားပေးခဲ့ခြင်းမရှိသဖြင့် မြေသိမ်းခံရမှုအမှန်တကယ်ဖြစ်ပွားခဲ့ခြင်းဟုတ်၊ မဟုတ် မသေချာပေ။

## မြေယာပိုင်ဆိုင်ခွင့်နှင့် တရားဝင် စာရွက်စာတမ်းများအခြေအနေ

စစ်တမ်းများအရ ဖြေကြားသူများ၏ (၇၅) ရာခိုင်နှုန်းသည် လက်ရှိတွင် မြေယာပိုင်ဆိုင်လျက်ရှိပြီး၊ ၎င်းတို့၏ မြေအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းသည် အမွေဆက်ခံထားခြင်းဖြစ်သည်။ ဖြေကြားသူများ၏ (၂၄) ရာခိုင်နှုန်းတွင် သူတို့ကိုယ်တိုင် ခုတ်ထွင်ရှင်းလင်းထားသော မြေယာများရှိ ပြီး၊ (၄) ရာခိုင်နှုန်းသော ဖြေကြားသူများတွင် ဝယ်ယူထားသောမြေယာများ ပိုင်ဆိုင်ကြသည်။ ဖြေကြားသူများအနက် နောက်ထပ်(၈)ရာခိုင်နှုန်းသည် အခြားသူများထံမှ ငှားရမ်းထားသော မြေယာများပေါ်တွင် လုပ်ကိုင်လျက်ရှိသည်။ ဖြေကြားသူ (၅၈) ရာခိုင်နှုန်းတွင် မြေယာပိုင်ဆိုင်ခွင့် အထောက် အထားများ မရှိကြပေ။ တစ်ဦးသာလျှင် ပုံစံ-၇ရှိပြီး၊ ဖြေဆိုသူ နောက်(၂)ဦးတွင် ပုံစံ-၁၀၅/၁၀၆ရှိ၍ နောက် (၆)ဦးတွင် အခွန်ပြေစာများသာ ရှိကြသည်။

## မြေယာဆိုင်ရာဥပဒေများ၊ မူဝါဒများအား စိတ်ပါဝင်စား၍ အသိရှိမှု

သုတေသနလုပ်ငန်းငယ်ဆောင်ရွက်ခဲ့သည့် ဒေသတွင် မြေယာနှင့်ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများအား သိရှိနားလည်မှုအားနည်းကြသည်။ ဖြေကြားသူတစ်ဦးသာလျှင် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံ အခြေခံ

ဥပဒေကို သိရှိကြောင်း ဖြေကြားခဲ့သည်။ ၁၈၉၄-ခုနှစ် မြေယာအက်ဥပဒေ၊ ၂၀၁၂-ခုနှစ် လယ် ယာမြေ ဥပဒေနှင့် ၂၀၁၂-ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို သိရှိသူ တစ်ဦး တစ်ယောက်မျှ မရှိခဲ့ပေ။

## မိရိုးဖလာ မြေယာစီမံအုပ်ချုပ်မှုစနစ်များ

ဤဒေသတွင် မိရိုးဖလာမြေယာစီမံအုပ်ချုပ်မှုစနစ် ကျင့်သုံးခဲ့ကြောင်း အားလုံးက ဖြေကြားခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေကြားခဲ့သူ (၄၅) ရာခိုင်နှုန်းက မြေပုံနှင့် မှတ်တမ်းမှတ်ရာများ ရှိသည်ဟု ဖြေကြားခဲ့သော်လည်း အစိုးရမှ အသိအမှတ်ပြုပေးခြင်း မရှိခဲ့ကြောင်း (၈၀)ရာခိုင်နှုန်းက တင်ပြခဲ့သည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤဒေသတွင် နေထိုင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်း ဖြစ်သဖြင့် မြေယာအပေါ်တွင်မှီခိုနေကြရသည်။ သို့ရာတွင် မြေယာနှင့်ပတ်သက်သည့် ဥပဒေများ သိရှိမှု အားနည်းခြင်း၊ မြေယာပိုင်ဆိုင်မှုအထောက်အထားများ မရှိခြင်းတို့ကြောင့် ဒေသခံ ပြည်သူများသည် မြေယာသိမ်းဆည်းခံရနိုင်သည့် အခြေအနေဖြစ်ပေါ်စေသည်။ ထို့အပြင် မိရိုးဖလာ ထုံးတမ်းများသည် ဒေသသုံးမြေပုံနှင့် မှတ်တမ်းမှတ်ရာများတွင် ရှိနေသော်လည်း အစိုးရအနေဖြင့် အသိအမှတ်မပြုသဖြင့် ဒေသခံပြည်သူများအတွက် ၎င်းတို့၏ မြေယာများသိမ်းပိုက်ခံရမှုမရှိစေရေးတွင် အခက်အခဲ ဖြစ်စေပါ သည်။

# ၇ MPYA လူထုအခြေပြုအဖွဲ့ (ရှမ်းပြည်နယ်)

ဤသုတေသနလုပ်ငန်းငယ်သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျွန်းကြီးကျေးရွာနှင့် ဆည်ရွာကျေးရွာတို့တွင် LCG သုတေသနအဖွဲ့ နှင့် MPYA လူထုအခြေပြုအဖွဲ့မှ ဆောင်ရွက်ခဲ့ပါ သည်။ ဤဒေသတွင် ဇော်ဂျီမြစ်ပေါ်၌ ရေအား လျှပ်စစ်ထုတ်လုပ်ရန် မြို့ကြီးဆည်ကို ၂၀၀၆-ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၆-ခုနှစ်တွင် ရေအားလျှပ်စစ်စက်ရုံကို စတင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆည်စီမံကိန်းကြောင့် ကျွန်းကြီးကျေးရွာ အပါအဝင်ကျေးရွာများစွာရှိ လယ်ယာမြေများ ရေနစ်မြုပ်ခဲ့ပြီး၊ ကျေးရွာများကိုလည်း ရွှေ့ပြောင်းပေးခဲ့ရသည်။ ဆည်ရွာ ကျေးရွာသည် ရေနစ်မြုပ်ခဲ့သည့် ကျေးရွာများ တွင် မပါဝင်ခဲ့သော်လည်း ရေနစ်မြုပ်သည့် ကျေးရွာများမှ ပြောင်းရွှေ့လာသူများကို ဆည်ရွာကျေးရွာတွင် နေရာချထားပေးခဲ့သဖြင့် မူလဆည်ရွာကျေးရွာသားများမှ မိမိတို့ပိုင်ဆိုင်သည့် မြေနေရာများ ဆုံးရှုံးခဲ့ရသည်။ ကျွန်းကြီး ကျေးရွာအား ၂၀၀၇-ခုနှစ်တွင် ပြောင်းရွှေ့စေခဲ့ပြီး၊ ၂၀၁၅-ခုနှစ်တွင်မှ နေရာချထားခြင်း အစီအစဉ်များ ဆောင်ရွက်ပေးခဲ့သည်။ နေရာချထားခြင်းအစီအစဉ်ဆောင်ရွက်စဉ်ကာလတွင် ဆည်ရွာကျေးရွာသားများမှ နစ်နာကြေး ရရှိခဲ့ကြသော်လည်း ကျွန်းကြီး ကျေးရွာသားများမှ တရားဝင် နေရာချထားရေး အစီအစဉ်တွင် မပါဝင်ခဲ့သဖြင့် နစ်နာကြေး မရရှိခဲ့ပေ။

လက်ရှိအခြေအနေတွင် ကျွန်းကြီးကျေးရွာသား များမှာ ဝင်ငွေရရှိရေး အတွက် အခက်အခဲများနှင့် ရင်ဆိုင် နေကြရသည်။ အလုပ်အကိုင်ရရှိရန် မခက်ခဲသော်လည်း အချို့မှာ ပြင်ပသို့ ထွက်ခွာ၍ စီးပွားရှာကြရသည်။ ဆည်ရွာကျေးရွာသားများမှာမူ နစ်နာကြေးရရှိသည့်အပြင် ၎င်းတို့၏ မြေယာများကို အသုံးချခွင့်၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်များ လုပ်ကိုင်ခွင့်များလည်းရရှိကြသဖြင့် ငွေကြေး အခက်အခဲ ကြုံတွေ့ရမှု မရှိကြပေ။

ကျွန်းကြီးကျေးရွာတွင် အိမ်ထောင်စု (၁၅၀) ရှိပြီး၊ စုစုပေါင်း လူဦးရေ (၄၀၀) ရှိပါသည်။ ဆည်ရွာကျေးရွာ တွင် အိမ်ထောင်စု (၂၀၀) ရှိ၍ စုစုပေါင်းလူဦးရေ (၅၀၀) ရှိပါသည်။ ကျေးရွာ (၂) ရွာလုံးတွင် ဓနုလူမျိုးများ နေထိုင်ကြပြီး၊ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖြစ်သည်။

ဆည်စီမံကိန်းကြောင့် ထိခိုက်ခဲ့ရသည့် ကျေးရွာ (၂)ရွာတွင် နစ်နာကြေး ပေးလျော်မှုလုပ်ငန်းစဉ် များ ဖော်ထုတ်ရန်နှင့် ထိခိုက်နစ်နာခဲ့ရသည့် ဒေသခံများ၏ လူနေမှုဘဝ အခြေအနေများကို သိရှိရန် ရည်ရွယ်၍ ဤသုတေသန လုပ်ငန်း ငယ်ကို ဆောင်ရွက်ခဲ့ပါသည်။ အသက်မွေးဝမ်း ကြောင်းလုပ်ငန်း ပြောင်းလဲမှုများအား အဓိက ထားလေ့လာခဲ့ပြီး၊ ဤဒေသတွင် ကြုံတွေ့လာ နိုင်သည့် စိန်ခေါ်မှုများကိုလည်း စီစစ်သုံးသပ် ထားပါသည်။

## သုတေသနဆောင်ရွက်သည့်နည်းလမ်း

ကျေးရွာ (၂) ရွာလုံးတွင် ရွေးချယ်ထားသော စုစုပေါင်း လူ (၆၆) ဦးနှင့် တစ်ဦးချင်း မျက်နှာချင်းဆိုင်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ရွေးချယ်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် အသက်အရွယ် အား ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ ကျား/မမျှတစွာ ပါဝင်စေရန် ဆောင်ရွက်ခဲ့ပါသည်။ တွေ့ ဆုံမေးမြန်းမှု များကို ၂၀၁၈-ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်ခဲ့ပါသည်။

## သုတေသနရလာဒ်များ

### ဖြေကြားသူများ၏ အချက်အလက်များ

ဖြေကြားသူ (၆၆)ဦးအနက် (၄၄) ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်၍ (၅၆) ရာခိုင်နှုန်းသည် အမျိုးသမီး များ ဖြစ်ကြသည်။ အသက်အပိုင်းအခြားကွာဟချက်မှု ကြီးမား၍ အသက်အငယ်ဆုံး ဖြေကြားသူသည် အမျိုးသမီး (၁၇)နှစ်အရွယ်ဖြစ်ပြီး၊ အသက်အကြီးဆုံးမှာ အမျိုးသား(၈၉)နှစ် ဖြစ်သည်။ ဖြေကြားသူ အမျိုးသားအများစု (၉၀ ရာခိုင်နှုန်း)သည် အိမ်ထောင်ဦးစီးများ ဖြစ်ကြပြီး၊ အမျိုးသမီးအိမ်ထောင်ဦးစီးမှာ ဖြေကြားသူအမျိုးသမီးများ၏ (၁၉) ရာခိုင်နှုန်းဖြစ်ပါသည်။

### လူမှုစီးပွားရေးအခြေအနေများ

ပင်မအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ ဖြေကြားသူများ၏ (၂၆) ရာခိုင် နှုန်းရှိပြီး၊ မွေးမြူရေးဖြင့် အသက်မွေးဝမ်းကြောင်းပြုသူမှာ ဖြေကြားသူများ၏ (၁၃) ရာခိုင်နှုန်း ရှိပါသည်။ ဖြေကြားသူများအနက် (၂၀) ရာခိုင်နှုန်းသည် နေ့စားလုပ်အားဖြင့် ဝင်ငွေရှာဖွေလျက်ရှိပြီး၊ (၃) ရာခိုင်နှုန်း သည် ကူးသန်းရောင်းဝယ်ရေးဖြင့် ဝင်ငွေရရှိနေကြသည် (ပုံ - ၁၂)။ အခြားသော ဝင်ငွေ ရရှိသည့် ရင်းမြစ်များမှာ မိသားစုများ ထဲမှ အပြင်ထွက်အလုပ်လုပ်လျက်ရှိရာ ၎င်းတို့မှ လွှဲငွေများ (၂၀ ရာခိုင်နှုန်း)နှင့် စိုက်ပျိုးရေးချေးငွေများ (၁၂ ရာခိုင်နှုန်း)တို့ ဖြစ်ကြသည်။ ထို့အပြင် ဖြေကြားသူ များအနက် (၃၉) ရာခိုင်နှုန်းတွင် မြေယာပိုင်ဆိုင်ကြပြီး၊ (၃၆) ရာခိုင်နှုန်းတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြ၍ ကျန် (၃၂) ရာခိုင်နှုန်းတွင် ပိုင်ဆိုင်မှုဟူ၍ မည်မည်ရရမရှိပါ။




ပုံ - ၁၂။ ပင်မအသက်မွေးဂမ်းကြောင်းလုပ်ငန်းများ

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

ဆုံးဖြတ်ချက်ချမှတ်ပုံများတွင် ကျား/မပါဝင်ပတ်သက်မှုသည် အကြောင်းအရာပေါ်တွင် မူတည်၍ ကွဲပြားမှုရှိသည်။ မြေယာမှတ်ပုံတင်ခြင်းကိစ္စများတွင် အများအားဖြင့် တစ်ဦးတည်းကဆုံးဖြတ်လေ့ရှိရာ စစ်တမ်းကောက်ယူမှုအရ (၉၁) ရာခိုင်နှုန်းသော အမျိုးသားအိမ်ထောင်ဦးစီးများက ဆုံးဖြတ်ကြကြောင်း တွေ့ရှိရသည်။ ပညာရေးနှင့် ကျန်းမာရေးကိစ္စများတွင် အိမ်ထောင်စုဝင်များ ညှိနှိုင်းဆုံးဖြတ်လေ့ရှိကြရာ ပညာရေးနှင့် ပတ်သက်၍ ဖြေကြားသူများ၏ (၈၇) ရာခိုင်နှုန်းကလည်းကောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ (၉၂) ရာခိုင်နှုန်းကလည်းကောင်း ညှိနှိုင်းဆုံးဖြတ်သည်ဟု ဖြေကြားကြသည် (ဇယား -၂) (ပုံ - ၁၃)။




ပုံ - ၁၃။ မြေယာ၊ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စများတွင်ဆုံးဖြတ်ချက်ချပုံ

ဇယား - ၁၁။ မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများတွင် ဆုံးဖြတ်ချက်ချမှု

| | မြေယာ | ပညာရေး | ကျန်းမာရေး |
|---|---|---|---|
| အမျိုးသားဦးစီး | ၉၁% | ၁၃% | ၄% |
| အမျိုးသမီးဦးစီး | ၉၁% | ၀% | ၄% |
| ညှိနှိုင်း | ၉၁% | ၈၇% | ၉၂% |

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

စစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေကြားသူများ (၆၆)ဦး အနက် (၅၀)ဦးမှာ မြေယာသိမ်းဆည်း ခံရပြီး မြေယာဆုံးရှုံးရသူများဖြစ်ကြသည်။ (၄၀)ဦးမှာ ၎င်းတို့၏ မြေယာအားလုံးဆုံးရှုံးခဲ့ရပြီး၊ ကျန် (၁၀) ဦးမှာ တစ်စိတ်တစ်ပိုင်းသာ ဆုံးရှုံးခဲ့ရသည်။ ၂၀၀၄-ခုနှစ်မှ ၂၀၁၄-ခုနှစ်ကြားတွင် မြေယာသိမ်း ဆည်းခံခဲ့ကြရပြီး၊ အားလုံးနီးပါးကို အစိုးရမှ သိမ်းဆည်းခဲ့ခြင်းဖြစ်၍ သိမ်းဆည်းခံ (၄)ဦးသာလျှင် မြေယာ ဆုံးရှုံးမှုအတွက် လုံလောက်သောနစ်နာကြေးများ ရရှိခဲ့သည်ဟု ဖြေကြားကြသည်။ ဖြေကြားသူများ အနက် (၁၅)ဦးမှာ နစ်နာကြေးလုံး၀ မရရှိခဲ့ကြောင်း၊ (၂၅)ဦးမှာ လုံလောက်သော နစ်နာကြေး မရရှိခဲ့ ကြောင်း ဖြေကြားခဲ့ကြသည်။ နစ်နာကြေးလျော်ပေးသည့် နည်းလမ်းအား စစ်တမ်းကောက်ယူရာတွင် (၁၂)ဦးမှာ မည်သည့်စာရွက်စာတမ်းတွင်မှ လက်မှတ်မထိုးခဲ့ရကြောင်း၊ (၇)ဦးမှာ စာရွက် စာတမ်းရရှိခဲ့ သော်လည်း လက်မှတ်မထိုးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ (၁၄)ဦးမှာ လက်မှတ်ထိုးရန် တွန်းအားပေးခိုင်း စေမှုကြောင့် လက်မှတ်ထိုးခဲ့ရကြောင်း၊ တစ်ဦးတစ်ယောက်မျှ မိမိဆန္ဒအလျောက် လက်မှတ် ရေးထိုးခဲ့သူ မရှိကြောင်း ဖြေကြားခဲ့ကြသည်။ နစ်နာကြေးလျော်ပေးရန် ဆောင်ရွက်နေသည့်ကာလတွင် မည်သည့် ပံ့ပိုးမှုမှ မရရှိခဲ့ကြောင်း ဖြေကြားသူအားလုံးနီးပါးက ဖြေကြားခဲ့ပြီး၊ (၆)ဦးကသာ အစိုးရထံမှ ပံ့ပိုးမှုရရှိခဲ့ ကြောင်း ဖြေကြားခဲ့ပါသည်။

## မြေယာပိုင်ဆိုင်ခွင့်နှင့် တရား၀င် စာရွက်စာတမ်းများ

ဤသုတေသနဆောင်ရွက်ခဲ့သည့် ဒေသရှိ ဒေသခံများတွင် အများစုမှာ မြေယာပိုင်ဆိုင်မှု အထောက် အထား မရှိကြပေ။ ဖြေကြားသူများအနက်မှ (၂)ဦးတွင် ပုံစံ - ၇ ရှိကြောင်း၊ အခြား (၅)ဦးတွင် ပုံစံ - ၁၀၅/၁၀၆ ရှိကြောင်း၊ အခြား (၂၃)ဦးတွင် အခွန်ပြေစာများသာ ရှိကြောင်း ဖြေကြားခဲ့ကြသည်။

ထို့အပြင် စစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေကြားသူများအနက် (၃၉) ရာခိုင်နှုန်းတွင် ၎င်းတို့၏ မြေယာ သိမ်းပိုက်ခံရခြင်းမရှိခဲ့ပေ။ ယင်းမြေယာများသည် အမွေဆက်ခံခြင်းမှ ရရှိထားသော မြေယာများ လည်း ဖြစ်ပေသည်။ မြေယာဆုံးရှုံးသူများမှာ အမွေဆက်ခံစရာ မြေယာမရှိသဖြင့် ဖြေကြားသူများ၏ (၃၉) ရာခိုင်နှုန်းသည် အခြားမြေယာအကွက်များအား ကိုယ်တိုင်ခုတ်ထွင်၍ ဖော်ထုတ်ထားပြီး၊ ဖြေကြားသူ များ၏ (၁၁) ရာခိုင်နှုန်းမှာ ဝယ်ယူထားရကြောင်း ဖြေကြားခဲ့သည်။

## မြေယာဆိုင်ရာဥပဒေများ၊ မူဝါဒများအား စိတ်ပါဝင်စား၍ အသိရှိမှု

ဤသုတေသနဆောင်ရွက်ခဲ့သည့် ဒေသများတွင် မြေယာနှင့် ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများအား သိရှိနားလည်မှု အားနည်းသည်ကို တွေ့ရှိရပါသည်။ ဖြေကြားသူများ၏ (၁၇) ရာခိုင်နှုန်းသာလျှင် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား သိရှိကြပြီး၊ (၁၂) ရာခိုင်နှုန်းသည် ၂၀၁၂-ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုလည်းကောင်း၊ (၃) ရာခိုင်နှုန်းသည် ၂၀၁၂-ခုနှစ် လယ်ယာမြေ ဥပဒေအားလည်းကောင်း သိရှိသည်ဟု ဖြေကြားခဲ့ကြသည်။

## မိရိုးဖလာ မြေယာစီမံအုပ်ချုပ်မှုစနစ်များ

ဖြေကြားသူများ၏ လေးပုံတစ်ပုံက ၎င်းတို့ကျေးရွာတွင် မိရိုးဖလာ မြေယာပိုင်ဆိုင်မှုစနစ်ကျင့်သုံးခဲ့ကြောင်း ဖြေကြားခဲ့ကြသည်။ အဆိုပါ မိရိုးဖလာ မြေယာပိုင်ဆိုင်မှုစနစ်ကို လက်ရှိအသုံးပြုနေသည့် မြေပုံများတွင် ဖော်ပြထားကြောင်း (၂)ဦး ဖြေကြားခဲ့ကြပြီး၊ အဆိုပါမြေပုံနှင့် မှတ်တမ်းမှတ်ရာများကို အစိုးရကလည်း အသိအမှတ်ပြုထားပါကြောင်း ဒေသခံတစ်ဦးမှ ပြန်လည်ဖြေကြားခဲ့သည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤသုတေသနဆောင်ရွက်ခဲ့သည့် ဒေသများတွင် ဆည်စီမံကိန်းကြောင့် မြေယာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း ဆုံးရှုံးခဲ့ကြရသည်။ ဆည်စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအတွက် ရွှေ့ပြောင်းနေရာချထားရေးစီမံချက်များ ရှိခဲ့သော်လည်း စစ်တမ်းကောက်ယူမှုအရ နစ်နာကြေး ပေးလျော်မှုသည် လုံလောက်မှုမရှိကြောင်း အများစုက ဖြေကြားခဲ့ကြသည်။ နစ်နာကြေး ပေးလျော်မှုနှင့် ပတ်သက်၍လည်း ထိခိုက်နစ်နာသူများ၏ မိမိဆန္ဒအလျောက် နစ်နာကြေးလက်ခံရရှိခဲ့ခြင်းမဟုတ်ဘဲ သဘောတူညီမှုမရှိဘဲ ဆောင်ရွက်ခဲ့ကြောင်း ဖြေကြားခဲ့ကြသည်။ ထို့အပြင် ကျွန်းကြီးကျေးရာမှ ထိခိုက်နစ်နာသူများအတွက်မူ ပြန်လည်နေရာချထားရေး အစီအစဉ်တွင် မပါဝင်ခဲ့ပေ။ ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆည်ရွာကျေးရွာမှ ထိခိုက်နစ်နာသူများပင် ဆည်စီမံကိန်းကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုများအတွက် ကျေနပ်ခြင်း မရှိပေ။

# ၈ Alin Banmaw (LDO) လူထုအခြေပြုအဖွဲ့ (ကချင်ပြည်နယ်)

ဤသုတေသနလုပ်ငန်းငယ်သည် ကချင်ပြည်နယ်တွင် Alin Banmaw LDO လူထု အခြေပြုအဖွဲ့မှ ဆောင်ရွက်ခဲ့ပါသည်။ ဤဒေသ တွင် စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုများစွာ ဆောင်ရွက် လျက်ရှိရာ အထူးသဖြင့် စိုက်ခင်းလုပ်ငန်းများကို ကုမ္ပဏီကြီးများမှ စတင်ရင်းနှီးမြှုပ်နှံလာခဲ့ကြသည်။ ဤသုတေသနလုပ်ငန်းငယ်ကို ကချင် ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်ရှိ မံမကောက်ကျေးရွာနှင့် မံရွတ်ကျေးရွာများတွင် ဆောင်ရွက်ခဲ့ပါသည်။ ကမ္မကျေးရွာတွင် လူဦးရေ (၅၄၅)ဦး၊ ကျား (၂၆၇)ဦးနှင့် မ (၂၇၈) ဦးရှိပြီး၊ အိမ်ထောင်စု (၁၁၀) ရှိပါသည်။ မန်ရော့ ကျေးရွာတွင် လူဦးရေ (၉၀၀)ဦး။ ကျား (၄၃၃)ဦးနှင့် မ (၄၆၇) ဦး ရှိပြီး၊ အိမ်ထောင်စု စုစုပေါင်း (၁၈၀) ရှိပါသည်။

ဤသုတေသနလုပ်ငန်းငယ်ဆောင်ရွက်ခဲ့သည့် ကျေးရွားများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းသည် အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဖြစ်သည်။ မြေယာသိမ်းဆည်းမှုများကြောင့် ဒေသခံ ပြည်သူများ အလုပ်လက်မဲ့ ဖြစ်လာရပြီး၊ အသက်မွေးဝမ်းကြောင်းမှုအတွက် နေ့စားလုပ်သားကဲ့သို့သော အခြားဝင်ငွေရ အလုပ်သစ်များဖြင့် ကြိုးစားရုန်းကန်နေကြရသည်။ ဤကျေးရွာ(၂)ရာတွင် လယ်ယာမြေများ၊ ဥယျာဉ်ခြံများနှင့် စားကျက်မြေများကို ကုမ္ပဏီများက သိမ်းပိုက်ခဲ့ကြ သည်။

ဤသုတေသနလုပ်ငန်းငယ်၏ ရည်ရွယ်ချက်မှာ ကျေးရွာ (၂)ရွာတွင် အသက်မွေးဝမ်းကြောင်းမှုအခြေအနေများ၊ မြေယာပိုင်ဆိုင်မှုနှင့် မြေယာသိမ်းဆည်းခံရမှုစသည်တို့နှင့်ပတ်သက်၍ ဖြစ်ပျက်ခဲ့၊ ဖြစ်ပျက်ဆဲဖြစ်စဉ်များအား ထိုးထွင်းသိမြင်နိုင်ရန် ဖြစ်ပါသည်။ ဤကဲ့သို့ ထိုးထွင်း သိမြင်ခြင်းဖြင့် နောင်အနာဂတ်တွင် မြေယာ သိမ်းဆည်းမှုများ ကြုံကြိုက်လာပါက ပိုမိုသိရှိ နားလည်ရန် ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

## သုတေသနဆောင်ရွက်သည့်နည်းလမ်း

ကမ္မကျေးရွာနှင့် မန်ရော့ကျေးရွာများသည် မြေယာသိမ်းဆည်းခံရသည့် ကိစ္စရပ်များ ဖြစ်ပွားခဲ့သည့် ကျေးရွာများဖြစ်သဖြင့် ဤသုတေသန ဆောင်ရွက်ရန်အတွက် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် Alin Banmaw LDO လူထုအခြေပြုအဖွဲ့သည် ဤကျေးရွာများတွင် ယခင်က စီမံကိန်း ဆောင်ရွက်ဖူးခဲ့သဖြင့် တွေ့ဆုံမေးမြန်းရန်အတွက် ဖြေကြားမည့်သူရွေးချယ်ရန် ပိုမိုလွယ်ကူစေမည် ဖြစ်သည်။ အိမ်ထောင်စုဝင်များနှင့် မျက်နှာချင်းဆိုင်၍ တွေ့ဆုံမေးမြန်းခြင်းကာ အချက်အလက်များ ကောက်ယူခဲ့ပြီး၊ အွန်လိုင်း

အချက်အလက်ထည့်သွင်းသည့်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းရာတွင် ပြန်လည်ဖြေကြားမည့်သူများ ပိုမိုနားလည်စေရန်အတွက် မေးလိုသည့် မေးခွန်းများနှင့် ဖြစ်နိုင်ချေရှိသည့် အဖြေများကို ပြသ၍ ဆောင်ရွက်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများကို ၂၀၁၈-ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်ခဲ့ပါသည်။ ပြန်လည်ဖြေကြားမည့်သူကို အုပ်စုအုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် ရွေးချယ်၍ ၊ အုပ်စုအုပ်ချုပ်ရေးမှူး၏အိမ်တွင်ပင် တွေ့ဆုံမေးမြန်းခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်း (၅၀)ဦးအား တွေ့ဆုံမေးမြန်းခဲ့ရာ မကောင့် ကျေးရွာမှ (၂၀)ဦး၊ မန်ရော့ကျေးရွာမှ (၃၀)ဦးတို့ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းရာသူ ပြန်လည်ဖြေကြားရန် ငြင်းဆိုသူတစ်ဦး ရှိခဲ့သည်။ ကျား/မ မျှတစေရန် ထည့်သွင်းစဉ်းစားထားသဖြင့် ပြန်လည်ဖြေကြားသူ အမျိုးသားနှင့် အမျိုးသမီး အရေအတွက် မှာ တစ်ဝက်စီ ဖြစ်ပါသည်။

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

ဖြေကြားသူအားလုံးသည် အသက်အားဖြင့် အငယ်ဆုံးမှာ (၃၀)နှစ်ဖြစ်၍၊ အသက်အကြီးဆုံးမှာ (၇၄)နှစ် ဖြစ်သည်။ တစ်ဦးမှလွဲ၍ ကျန်ဖြေကြားသူအမျိုးသားများသည် အိမ်ထောင်ဦးစီးများဖြစ်ကြပြီး၊ ဖြေကြားသူ အမျိုးသမီးများ၏ (၁၇) ရာခိုင်နှုန်းကလည်း မိမိတို့ အိမ်ထောင်များကို ဦးစီးလုပ်ကိုင်လျှက်ရှိကြသည်။

## လူမှုစီးပွားရေးအခြေအနေများ

အဓိကဝင်ငွေရရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာ ဖြေကြားသူ (၄၇)ဦးမှာ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကဝင်ငွေရရှိနေကြပြီး၊ (၂)ဦးသာမှာ မွေးမြူရေးလုပ်ငန်းမှဖြစ်ကာ ကျန် တစ်ဦးမှာ အခြားဝင်ငွေရရှိသည့်လုပ်ငန်း လုပ်ကိုင်လျှက်ရှိသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ စစ်တမ်း ကောက်ယူရာ ဖြေကြားသူများ၏ (၉၂) ရာခိုင်နှုန်းသည် မြေယာပိုင်ဆိုင်ကြပြီး၊ (၈၆) ရာခိုင် နှုန်းသည် မွေးမြူရေးလုပ်ငန်းပိုင်ဆိုင်ကြသည်။ ထို့အပြင် ဖြေကြားသူများ၏ (၅၀)ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးချေးငွေ များ ရရှိနေကြပြီး၊ (၁၀)ရာခိုင်နှုန်းတွင် မိသားစုများထဲမှ အပြင်ထွက် အလုပ်လုပ်လျှက်ရှိရာ ၎င်းတို့မှ လွှဲသည့် ဝင်ငွေများလည်း ရှိသည်။

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

ဤသုတေသနဆောင်ရွက်သည့် ကျေးရွာများတွင် အများအားဖြင့် အမျိုးသား အိမ်ထောင်ဦးစီးများက ဆုံးဖြတ်ချက်ချကြပြီး၊ ကောက်ယူခဲ့သော စစ်တမ်းများအရ (၇၁) ရာခိုင်နှုန်းသော အမျိုးသား အိမ်ထောင် ဦးစီးများသည် မြေယာနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချခဲ့ကြသည်။ သို့ရာတွင် ပညာရေး ကိစ္စရပ်များတွင် အမျိုးသားအိမ်ထောင်ဦးစီးများမှ ဆုံးဖြတ်ချက်ချခြင်းအနည်းငယ်သာရှိပြီး၊ စစ်တမ်းအရ (၃၆) ရာခိုင်နှုန်း ရှိပါသည် (ပုံ - ၁၄)။




ပုံ - ၁၄။ မြေယာ၊ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စများတွင်ဆုံးဖြတ်ချက်ချပုံ

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

ဖြေဆိုသူ (၅၈)ဦးအနက် (၂၃)ဦးမှာ မြေယာသိမ်းဆည်းခံခဲ့ရပြီး၊ ယင်းတို့အနက် (၁၀)ဦးမှာ ၎င်းတို့ ပိုင်ဆိုင်သည့် မြေယာအားလုံးကိုလည်းကောင်း၊ (၁၃)ဦးမှာ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း သိမ်းဆည်းခံခဲ့ရသည်။ မြေယာသိမ်းဆည်းခြင်းကို ၂၀၁၄-ခုနှစ်နှင့် ၂၀၁၇-ခုနှစ်ကြားတွင် ဖြစ်ပွား ခဲ့ပြီး၊ သိမ်းဆည်းခြင်းအားလုံးမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ပုဂ္ဂလိက ကုမ္ပဏီများမှ သိမ်းယူခဲ့ ခြင်းဖြစ်သည်။ သိမ်းဆည်းခံမြေယာများ အသုံးချနေမှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာ (၅၇) ရာခိုင်နှုန်းသာလျှင် စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုနေသည်ဟု ပြန်လည်ဖြေကြားခဲ့ကြသည်။ နစ်နာကြေးနှင့် ပတ်သက်၍လည်း စစ်တမ်းကောက်ယူခဲ့ရာ လုံလောက်သောနစ်နာကြေး မရရှိခဲ့သော်လည်း လက်မှတ် ထိုးသဘောတူညီချက်ရှိခဲ့ကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။ မြေယာသိမ်းဆည်းခံခဲ့ရပြီး စားနပ်ရိက္ခာ ဖူလုံမှုနှင့် ပတ်သက်၍ အခက်အခဲများ ကြုံတွေ့နေရကြောင်း အားလုံးက ဖြေကြားခဲ့ကြသည်။

## မြေယာပိုင်ဆိုင်ခွင့်နှင့် တရားဝင် စာရွက်စာတမ်းများ

မြေယာပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ ဖြေကြားသူများ၏ (၆၂)ရာခိုင်နှုန်းသည် မိမိတို့ ကိုယ်တိုင် ခုတ်ထွင်ရှင်းလင်းထားသော မြေယာများဖြစ်ကြောင်း၊ (၃၀)ရာခိုင်နှုန်းသည် အမွေဆက်ခံ ခြင်းဖြင့် ပိုင်ဆိုင်ထားကြောင်း၊ (၁၆) ရာခိုင်နှုန်းသည် ဝယ်ယူထားသည့် မြေယာများဖြစ်ကြောင်းနှင့် အခြား (၈) ရာခိုင်နှုန်းသည် ငှားရမ်းထားသည့် မြေယာများ ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ ကြသည်။ သို့ရာတွင် ဖြေကြားသူ(၁၃)ဦး၌ မြေယာပိုင်ဆိုင်ကြောင်းနှင့် အသုံးချခွင့်အထောက်အထား မရှိကြောင်း၊ အများစုတွင် ပုံစံ - ၁၀၅/၁၀၆ သာရှိကြပြီး အခြားသူများမှာ အခွန်ပြေစာများသာ ရှိကြသည်။ ပုံစံ - ၇ ရှိသူမှာ ဖြေကြားသူများအနက် တစ်ဦးသာရှိသည် (ဇယား- ၃) (ပုံ - ၁၅)။




ပုံ - ၁၅။ မြေယာပိုင်ဆိုင်ခွင့် အထောက်အထားများပိုင်ဆိုင်သည့် အိမ်ထောင်စုအရေအတွက်

ဇယား - 3။ မြေယာပိုင်ဆိုင်ခွင့် အထောက်အထားများပိုင်ဆိုင်သည့် အိမ်ထောင်စုအရေအတွက်

| | မြေယာပိုင်ဆိုင်ခြင်းမရှိ | ပညာရေး | အခွန်ပြေစာ | ပုံစံ-၇ | ပုံစံ ၁၀၅/၁၀၆ |
|---|---|---|---|---|---|
| အိမ်ထောင်စု | ၃ | ၁၃ | ၄ | ၁ | ၁၇ |

## မြေယာဆိုင်ရာဥပဒေများ၊ မူဝါဒများအား စိတ်ပါဝင်စား၍ အသိရှိမှု

ဤသုတေသနဆောင်ရွက်ခဲ့သည့် ဒေသများတွင် မြေယာနှင့် ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများ အား သိရှိနားလည်မှု အားနည်းသည်ကို တွေ့ရှိရပါသည်။ ဖြေကြားသူ (၄) ဦးသာလျှင် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအား သိရှိကြပြီး၊ အခြား (၄) ဦးသည် ၂၀၁၂-ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုလည်းကောင်း၊ ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေအားလည်းကောင်း သိရှိသည်ဟု ဖြေကြားခဲ့ကြသည်။

## မိရိုးဖလာ မြေယာစီမံအုပ်ချုပ်မှုစနစ်များ

ဖြေကြားသူများ၏ (၆၄) ရာခိုင်နှုန်းက ၎င်းတို့ကျေးရွာတွင် မိရိုးဖလာ မြေယာပိုင်ဆိုင်မှုစနစ် ကျင့်သုံးခဲ့ကြောင်း ဖြေကြားခဲ့ကြသည်။ အဆိုပါ မိရိုးဖလာ မြေယာပိုင်ဆိုင်မှုစနစ်ကို လက်ရှိအသုံး ပြုနေသည့် မြေပုံများတွင် ဖော်ပြထားကြောင်း ဖြေကြားသူများ၏ (၁၂)ရာခိုင်နှုန်းက ဖြေကြားခဲ့ကြ ပြီး၊ အဆိုပါမြေပုံနှင့် မှတ်တမ်းမှတ်ရာများကို အစိုးရကလည်း အသိအမှတ်ပြုထားပါကြောင်း နောက်ထပ် (၆)ရာခိုင်နှုန်းမှ ပြန်လည်ဖြေကြားခဲ့သည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤသုတေသနလုပ်ငန်းငယ်ဆောင်ရွက်ခဲ့သည့် ဒေသများတွင် မြေယာသိမ်းဆည်းခြင်းများ ရှိခဲ့ပြီး အများစုမှာ ပုဂ္ဂလိကကုမ္ပဏီများမှ သိမ်းယူခဲ့ခြင်းဖြစ်သည်။ မြေယာသိမ်းဆည်းခံခဲ့ရသဖြင့် ဒေသခံပြည်သူများသည် စားနပ်ရိက္ခာ မဖူလုံမှုအခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ ဤသို့ ကြုံတွေ့နေရခြင်းများသည် စစ်တမ်းကောက်ယူမှုအရ အများစုဖြေကြားခဲ့သည့် မြန်မာနိုင်ငံတွင် ကျင့်သုံးလျှက်ရှိသော မြေယာနှင့်ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများအား သိရှိမှုအားနည်းခြင်းနှင့် ဆက်စပ်မှုရှိပေမည်။ မိမိတို့မြေယာများဆုံးရှုံးမှုမဖြစ်စေရန်နှင့် မြေယာအသိမ်းခံရလျှင် မျှတသော နစ်နာကြေးများ ရရှိရန်အတွက် မည်သို့ကြိုးစားရမည်ကို သိရှိရန်လိုအပ်သည်။ ထို့အပြင် မြေယာပိုင်ဆိုင်ခွင့် အထောက်အထားများ လက်ဝယ်မရှိခြင်းကလည်း တူညီသောအခက်အခဲကို ဖြစ်စေပါ သည်။ ယင်းအချက်မှာ အစိုးရ၏ မိရိုးဖလာမြေယာကျင့်သုံးသည့်စနစ်ကို အသိအမှတ်ပြုမှုမရှိခြင်း နှင့် ဆက်စပ်မှုရှိသည်။ ၂၀၁၄-ခုနှစ်ကတည်းက ဖြေကြားသူများ၏ မြေယာများမှာ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအတွက် သိမ်းဆည်းခံခဲ့ရခြင်းဖြစ်ရာ လောလောလတ်လတ်ဖြစ်ရပ်များ ဖြစ်ပေသည်။ ဤကဲ့သို့ ဆက်လက်ဖြစ်ပွားနေပါက ဒေသခံပြည်သူများမှာ မြေယာများ ပို၍ပို၍ ဆုံးရှုံးလာပြီး၊

အသက်မွေးဝမ်းကြောင်းအခက်အခဲများနှင့် ရင်ဆိုင်ရပေမည်။ သို့ဖြစ်ရာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရေး ကြိုးပမ်းရန်၊ ဥပဒေများ/မူဝါဒများနှင့် ပတ်သက်၍ အသိပညာပေး ဆောင်ရွက်ရန်နှင့် အထောက်အထားစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊ အစိုးရ၏အသိအမှတ်ပြုပေးခြင်းများဖြင့် ဒေသခံများ၏ မြေယာလုံခြုံစွာသုံးစွဲနိုင်မှုအလားအလာကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။

# ၉ တောင်သူလယ်သမား သမဂ္ဂ (ဧရာဝတီတိုင်းဒေသကြီး)

ဤသုတေသနလုပ်ငန်းငယ်သည် ဧရာဝတီ တိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်ရှိ ကျေးရွာ (၉)ရွာတွင် Ayeyarwaddy Farmer Union လူထုအခြေပြုအဖွဲ့မှ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာတစ်ရွာချင်းစီတွင် ပျမ်းမျှအားဖြင့် အိမ်ထောင်စု (၅၀၀)ခန့်နှင့် လူဦးရေ (၂၅၀၀) ခန့် ရှိပါသည်။

ဤဒေသတွင် ဆန်စပါးစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး၊ တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုး ရိတ်သိမ်းကြပါသည်။ ပြန်လည်ဖြေကြားသူ အများစုသည် အပိုင်ငွေ စိုက်ပျိုးရေးချေးငွေ အပေါ် မှီခိုနေကြသည် ဖြစ်ရာ ချေးငွေပြန်မဆပ်နိုင်ပါက ၎င်းတို့၏မြေယာ ဆုံးရှုံးရမည်ဖြစ်သည်။ ယင်းအခြေအနေသည် တရားမဝင် မြေယာသိမ်းယူခြင်းနှင့် မတူဘဲ၊ တရားဝင် နည်းလမ်းဖြင့် မြေယာသိမ်းယူခြင်းပင် ဖြစ်ပေသည်။ သီးနှံရိတ်သိမ်းချိန်ရရှိလာသောဝင်ငွေသည် ပြန်ဆပ်ရန်ချေးငွေကို မကာမိသည့်အခါ ဤကဲ့သို့သော အခြေအနေကို ကြုံတွေ့ကြရပြီး၊ နောက်ဆုံးတွင် ငွေချေးငှားသူ လက်သို့ ၎င်းတို့၏ မြေယာများ အပ်နှံလိုက်ရတော့သည်။

ဤသုတေသနလုပ်ငန်းငယ်တွင် ချေးငွေပြန် မဆပ်နိုင်၍ မြေယာဆုံးရှုံးရသူများနှင့် မြေယာ လက်ဝယ် ပိုင်ဆိုင်ထားသူများကို စစ်တမ်း ကောက်ယူ၍ တရားဝင်နည်းလမ်းဖြင့် မြေယာသိမ်းယူခြင်း၏ အကျိုး ဆက်များအား လေ့လာ ဖော်ထုတ်ထားပါသည်။

## သုတေသနဆောင်ရွက်သည့်နည်းလမ်း

ဤသုတေသနကို ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်ရှိ ကျေးရွာ (၉)ရွာတွင် ဆောင်ရွက်ခဲ့ ပါသည်။ ကျေးရွာများကို ရွေးချယ်ရာတွင် မြေယာသိမ်းယူခြင်းဖြစ်ပွားခဲ့သည့် အချက်နှင့် နောင်တွင် မြေယာသိမ်းယူခြင်း ဖြစ်ပွားလာနိုင်သည့် အချက်များအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။ ဤသုတေသန လုပ်ငန်းငယ်သည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုအခြေအနေများ၊ မြေယာပိုင်ဆိုင်ခွင့် နှင့် မြေယာဆိုင်ရာ အသိပညာဗဟုသုတအခြေအနေများအား သိရှိနားလည်ရန် နှင့် အနာဂတ်တွင် ဒေသခံပြည်သူများအား ပိုမိုကောင်းမွန်သော ထောက်ပံ့မှုများ ပံ့ပိုးပေးနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက် ခဲ့ပါသည်။

စစ်တမ်းကောက်ယူခြင်းကို ၂၀၁၈-ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း (၁၁)ရက်ကြာ ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေကြားမည့်သူများကို အိမ်ထောင်စုအလိုက် ရွေးချယ်ခဲ့ရာ

ဖြေကြားသူအများစုသည် အမျိုးသားများ ဖြစ်ကြသည်။ အမျိုးသားမရှိသည့် အိမ်ထောင်စုတွင် အမျိုးသမီးက ဖြေကြားပေးခဲ့ပါသည်။ စုစုပေါင်း (၂၄)ဦးအား တွေ့ဆုံမေးမြန်းခဲ့ရာ ဖြေဆိုရန် ငြင်းဆန်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

ဖြေကြားသူ (၂၄)ဦးအနက် (၂၁)ဦးမှာ အမျိုးသားများဖြစ်ကြပြီး၊ ကျန် (၃)ဦးမှာ အမျိုးသမီးများ ဖြစ်ပါသည်။ အသက်အရွယ်ကွာဟချက်မှာ သိပ်မရှိဘဲ၊ အမျိုးသားများတွင် အငယ်ဆုံးမှာ (၂၈)နှစ်၊ အကြီးဆုံးမှ (၆၄)နှစ်ဖြစ်ပြီး၊ အမျိုးသမီးများတွင် အငယ်ဆုံးမှာ (၅၀)နှစ်၊ အကြီးဆုံးမှာ (၅၆)နှစ် ဖြစ်ပါသည်။

## လူမှုစီးပွားရေးအခြေအနေများ

ပြန်လည်ဖြေကြားသူ အမျိုးသားနှင့် အမျိုးသမီးများသည် မိမိတို့အိမ်ထောင်စု၏ အိမ်ထောင်ဦးစီးများပင် ဖြစ်သည်။ လုပ်ငန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာ ဖြေကြားသူ (၂)ဦးမှ လွဲ၍ ကျန်ဖြေကြားသူများတွင် အသက်မွေးဝမ်းကြောင်းမှုအတွက် မြေယာပိုင်ဆိုင်ကြပြီး၊ ဖြေကြား သူ (၁၁) ဦးတွင် မွေးမြူရေးလုပ်ငန်းပါ လုပ်ဆောင်လျက်ရှိပါသည်။

အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး၊ ဖြေကြားသူ (၃)ဦးသည် မွေးမြူရေး၊ နေ့စားလုပ်သားနှင့် ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းအသီးသီးတို့ဖြင့် အဓိက အသက်မွေးဝမ်းကြောင်းပြုလျက်ရှိသည်။ ပင်မဝင်ငွေနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာ ဖြေကြားသူများ၏ (၇၁) ရာခိုင်နှုန်းသည် စိုက်ပျိုးရေးဈေးငွေသာ ပင်မဝင်ငွေဖြစ်သည် ဖြေကြားကြသည်။ အခြားဝင်ငွေရင်းမြစ်များအနေဖြင့် ဖြေကြားသူများ၏ (၂၉)ရာခိုင်နှုန်းတွင် မိသားစုများထံမှ အပြင် ထွက် အလုပ်လုပ်လျက်ရှိရာ ၎င်းတို့မှလွှဲသည့် ဝင်ငွေရှိကြောင်း၊ (၄) ရာခိုင်နှုန်းသည် ချေးငွေယူနေရကြောင်းနှင့် (၃၈) ရာခိုင်နှုန်းမှာ ငါးဖမ်းခြင်းနှင့် အခြားအသေးစားမွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေသာရှိကြောင်း ဖြေကြားခဲ့ကြသည်။

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

မြေယာမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ အိမ်ထောင်ဦးစီးကသာဆုံးဖြတ်ချက်ချလေ့ရှိကြောင်း အားလုံးက ဖြေကြားခဲ့ကြသည်။ ပညာရေးနှင့် ပတ်သက်လျှင် ညှိနှိုင်းဆုံးဖြတ်ကြကြောင်း ဖြေကြားသူများ၏ (၈၇) ရာခိုင်နှုန်းကလည်းကောင်း၊ ကျန်းမာရေးကိစ္စများတွင်လည်း ညှိနှိုင်းဆုံးဖြတ်ကြကြောင်း ဖြေကြားသူများ၏ (၉၁) ရာခိုင်နှုန်းကလည်းကောင်း ဖြေကြားခဲ့ကြသည်။

## မြေသိမ်း/ယာသိမ်းကိစ္စရပ်များ

ဖြေကြားသူ (၂၄)ဦးအနက် (၁၂)ဦးမှာ မြေယာဆုံးရှုံးရသူဖြစ်ပြီး၊ (၁၂)ဦးအနက် (၅)ဦးမှာ ၎င်းတို့ပိုင်ဆိုင်သည့် မြေယာအားလုံးကိုလည်းကောင်း၊ (၇)ဦးမှာ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း ဆုံးရှုံးခဲ့ကြသည်။ မြေယာအားလုံး ဆုံးရှုံးခဲ့ရသူ (၅)အနက် (၃)ဦးမှာ မြေယာအသစ်ပြန်လည်ဝယ်ယူနိုင်ခဲ့သဖြင့် (၂)ဦးသာလျှင် မြေမဲ့ယာမဲ့ဖြစ်နေပေသည်။ မြေယာသိမ်းဆည်းမှုအားလုံးသည် ၁၉၉၆-ခုနှစ်နှင့် ၂၀၁၃-ခုနှစ်ကြားတွင် ဖြစ်ပွားခဲ့သည်။ ဆုံးရှုံးသွားသည့် မြေယာများအနက် တစ်ကွက်မှလွဲ၍ ကျန်မြေယာများအားလုံးသည် ရင်းနှီးမြှုပ်နှံရန်အတွက် သိမ်းယူခဲ့ကြသည်။ ဖြေကြားသူတစ်ဦးကမူ ၎င်း၏မြေယာများကိုပုဂ္ဂလိကကုမ္ပဏီက အသုံးချလျှက်ရှိသည်ဟု ဖြေကြားခဲ့ပြီး၊ ကျန်ဖြေကြားသူများ၏ မြေယာများကိုမူအခြားတောင်သူများက အသုံးချလျှက်ရှိသည်ဟု ဖြေကြားခဲ့သည်။

နစ်နာကြေးနှင့် ပတ်သက်၍ လုံလုံလောက်လောက် ရရှိခဲ့သည်ဟု တစ်ဦးသာလျှင် ဖြေကြားခဲ့သည်။ နစ်နာကြေးပေးလျော်မှုဖြစ်စဉ်တွင် နစ်နာကြေးရရှိကြောင်း သဘောတူညီချက်၌ မိမိဆန္ဒအလျောက်လက်မှတ်ရေးထိုးခဲ့ကြောင်း နှစ်ဦးက ဖြေကြားခဲ့ပြီး၊ လက်မှတ်မရေးထိုးခဲ့ကြောင်း အခြား (၄)ဦးကဖြေကြားခဲ့ပါသည်။ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးရန် တွန်းအားပေးခိုင်းစေခဲ့ကြောင်း (၂)ဦးမှ ဖြေကြားခဲ့ပြီး၊ သဘောတူညီမှုမရှိခဲ့ကြောင်း (၃)ဦးမှ ဖြေကြားခဲ့ပါသည် (ဇယား -၄)။

| နစ်နာကြေပေးလျော်မှုအပေါ် ဖြေကြားသူများ၏ ဖြေကြားချက်များ | |
|---|---|
| မိမိဆန္ဒဖြင့် လက်မှတ်ထိုးသူ | ၂ |
| လက်မှတ်ထိုးရန် တွန်းအားပေးခံရသူ | ၂ |
| သဘောမတူ/လက်မှတ်မထိုးသူ | ၃ |
| လက်မှတ်မထိုးရန် ဆုံးဖြတ်သူ | ၄ |
| အခြား | ၁ |
| စုစုပေါင်း | ၁၂ |

ဇယား - 4။ နစ်နာကြေးပေးလျော်မှုနှင့် ပတ်သက်၍ လက်မှတ်ထိုးထားသည့် အထောက်အထား

## မြေယာပိုင်ဆိုင်ခွင့်နှင့် တရားဝင် စာရွက်စာတမ်းများ

မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် အမွေဆက်ခံထားသည့် မြေယာများပိုင်ဆိုင်သူ (၁၂)ဦးရှိပြီး၊ (၁၀)ဦးမှာ ဝယ်ယူထားသည့် မြေယာများဖြစ်ကြောင်းနှင့် ကျန် (၂)ဦးမှာ မြေယာပိုင်ဆိုင်ခြင်းမရှိကြောင်း ဖြေကြားခဲ့သည်။ မြေယာပိုင်ဆိုင်မှုအထောက်အထားများလည်း ဖြေကြားသူအများစုတွင် ရှိကြ၍ (၂)ဦးသာလျှင် အထောက်အထားမရှိကြောင်း ဖြေကြားခဲ့သည်။ ပုံစံ -၇ ရှိသူ (၁၆)ဦး၊ ပုံစံ - ၁၀၅/၁၀၆ ရှိသူ (၁၇)ဦးနှင့် အခွန်ပြေစာရှိသူ (၁၉)ဦး ရှိပါသည်။ အထောက် အထားများရှိ

သော်လည်း ဈေးငွေအကြွေးကြောင့် မြေယာများဆုံးရှုံးနိုင်ဖွယ်ရှိသည်ဟု ဖြေကြားသူများ၏ (၆၂) ရာခိုင်နှုန်းက ဖြေကြားခဲ့သည်။

## မြေယာဆိုင်ရာဥပဒေများ၊ မူဝါဒများအား စိတ်ပါဝင်စား၍ အသိရှိမှု

ဤသုတေသနဆောင်ရွက်ခဲ့သည့် ဒေသများတွင် မြေယာနှင့် ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများအား သိရှိနားလည်မှု အားနည်းသည်ကို တွေ့ရှိရပါသည်။ ဖြေကြားသူ (၂၄) ဦးအနက် (၁၇)ဦးသည် မြေယာဥပဒေများနှင့် ပတ်သက်သည့် ဗဟုသုတမရှိကြောင်း ဖော်ပြကြသည်။ (၇)ဦးသာလျှင် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား သိရှိကြပြီး၊ အခြား (၄) ဦးသည် ၁၈၉၄-ခုနှစ် မြေယာဥပဒေနှင့် ပတ်သက်၍ ဗဟုသုတရှိကြောင်း ဖြေကြားခဲ့သည်။ ဖြေကြားသူတစ်ဦးသာလျှင် ၂၀၁၂-ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို သိရှိသည်ဟု ဖြေကြားခဲ့ကြသည်။

## မိရိုးဖလာ မြေယာစီမံအုပ်ချုပ်မှုစနစ်များ

ဤဒေသတွင် မိရိုးဖလာမြေယာစီမံအုပ်ချုပ်သည့်စနစ် ကျင့်သုံးခဲ့ခြင်း ရှိဟန်မတူပေ။ မိရိုးဖလာမြေယာစီမံအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးခဲ့ဖူးကြောင်း (၂)ဦးကသာ ဖြေကြားခဲ့ကြပြီး၊ မိရိုးဖလာကျင့်သုံးသည့်စနစ်ကို မြေပုံတွင်ပါရှိကြောင်း ဒေသခံတစ်ဦးမှ ပြန်လည်ဖြေကြားခဲ့သည်။

## အနာဂတ်မျိုးဆက်များအတွက် မြေယာအိပ်မက်

အနာဂတ်မျိုးဆက်များအတွက် မြေယာအိပ်မက်နှင့်ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာတွင် မိမိတို့၏ မျိုးဆက်များကို မိမိတို့ကျေးရွာများတွင်သာ ဆက်လက်နေထိုင်စေချင်ကြောင်း အားလုံးက ဖြေကြားခဲ့သည်။ တောင်သူများကို ဆန်စပါးပိုမိုထွက်ရှိလာစေရန် တွန်းအားပေးစေချင်သည်။ သို့ရာတွင် အစိုးရမှလည်း လိုအပ်သော ထောက်ပံ့မှုများ ပံ့ပိုးပေးရန် လိုအပ်ပါသည်။ အကြွေးများလည်း လျှော့ရန်လိုအပ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးပွားစေလိုကြောင်းနှင့် အနာဂတ်မျိုးဆက်များ၏ အိပ်မက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် ဈေးကွက်နှင့်လည်း ချိတ်ဆက်မိရန် လိုအပ်ကြောင်း ဖြေကြားခဲ့ကြသည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤသုတေသနလုပ်ငန်းငယ်ဆောင်ရွက်ခဲ့သည့် ဒေသများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းဖြစ်သည်။ သို့ရာတွင် စစ်တမ်းများအရ တစ်နှစ်ပတ်လုံးတွင် အပိုဝင်ငွေရှိရန် လိုအပ်နေပေသည်။ လက်ရှိအခြေအနေတွင် ၎င်းတို့၏ အပိုဝင်ငွေမှာ စိုက်ပျိုးရေး

ချေးငွေဖြစ်ပြီး ထိုချေးငွေကပင် ၎င်းတို့အား အကြပ်အတည်းဖြစ်စေသည်။ ချေးငွေပြန်မဆပ်နိုင်၍ မြေယာဆုံးရှုံးရမည်ကိုမူ အားလုံးက ကြောက်ရွံ့ကြသည်။ မြေယာပိုင်ဆိုင်မှုအထောက်အထားများ ရှိကြသော်လည်း အကြွေးဖြင့် တရားဝင်မြေယာသိမ်းခံရမှုကို အဆိုပါအထောက်အထားဖြင့် ကာကွယ်နိုင်မည်မဟုတ်ပေ။

ယခင်က မြေယာများဆုံးရှုံးခဲ့ကြဖူးပြီး၊ ပြန်လည်ဝယ်ယူနိုင်ခဲ့ကြသဖြင့် စစ်တမ်းကောက်ယူချိန်တွင် (၂)ဦးသာ မြေယာမဲ့အဖြစ်ရှိနေသည်ဟု ဖြေကြားခဲ့သည်။ သို့ဖြစ်ရာ မြေယာပြန်လည်ရရှိရန်အတွက် အစဉ်သဖြင့် ရှာဖွေနေကြသည်ဟု ယူဆနိုင်သည်။ သို့သော် နောင်အနာဂတ်တွင် ကြိုတင်မှန်းဆရန်မလွယ်ကူပေ။ ၎င်းတို့၏ အဓိကဝင်ငွေရင်းမြစ်သည် မြေယာပေါ်တွင် မူတည်နေသဖြင့် ကာလရှည်ကြာ မြေယာဆုံးရှုံးနေခြင်းကို တားဆီးရန်လိုအပ်သည်။ သို့ဖြစ်ရာ ပြန်မဆပ်နိုင်တော့သည့် အကြွေးသံသရာထဲ မကျရောက်စေရန် ပံ့ပိုးမှုများလိုအပ်လျက်ရှိပေသည်။

# ၁၀ မွန်ဒေသ မြေအသုံးချသူများကွန်ယက် လူထုအခြေပြုအဖွဲ့

## (မွန်ပြည်နယ် – အထက်ပိုင်း)

ဤပြဿနာအခြေပြု သုတေသနလုပ်ငန်းငယ် ကို မွန်ပြည်နယ် (အထက်ပိုင်း)၊ ချောင်းဆုံ မြို့နယ်ရှိ ကျေးရွာ(၁၂)ရွာတွင် မွန်ဒေသ မြေအသုံးချသူများကွန်ယက် လူထုအခြေပြု အဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာ(၁၂) ရွာတွင် ကြံခင်၊ ကွမ်းရိုက် ၊ တော်ကနာ၊ ကမနင်း၊ ရွာလွတ်၊ ညောင်လမ်း၊ ကလွီ၊ တောင်စွန်း၊ ကညော်၊ ကတောင်စိန်၊ မုဒူး၊ ချောင်ဆုံး (အနောက်) ကျေးရွာ၊ တိုးချဲ့ ကျေးရွာတို့ ပါဝင်သည်။

မြန်မာနိုင်ငံ ပြည်သူ့အင်အားဦးစီးဌာနမှ ကောက်ယူခဲ့သော၂၀၁၄-ခုနှစ် သန်းခေါင်စာရင်းအရ ချောင်းဆုံမြို့နယ်တွင် စုစုပေါင်း လူဦးရေ(၁၂၂၁၂၆) ရှိပြီး၊ အမျိုးသား(၄၅.၅)ရာခိုင်နှုန်း နှင့် အမျိုးသမီး (၅၄.၅)ရာခိုင်နှုန်း ဖြစ်ပါသည်။ (၉၃.၇) ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ရာ ဤသုတေ သနစာတမ်းတွင် မွန်ပြည်နယ် (အထက်ပိုင်း) ဒေသရှိ မြေယာပြဿနာများနှင့် အသက်မွေး ဝမ်းကြောင်းမှု အခြေအနေများကို ဦးစားပေး ဖော်ပြထားပါသည်။

မွန်ပြည်နယ် (အထက်ပိုင်း) တွင် သဘာဝ ဘေးအန္တရာယ်များကြောင့် အိုးအိမ်များ ပြောင်းရွှေ့ရခြင်း ကြုံတွေ့ခဲ့ရပြီး၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် ဆိုးရွားစွာ သက်ရောက်ခဲ့ပါသည်။ ထိုမျှသာမက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် မြေယာသိမ်းပိုက် ခံရခြင်းဆိုင်ရာပြဿနာများ ဖြစ်ပွားစေသော (အထူးသဖြင့် ရေးမြို့နယ် အံဒင်ရေးရွာတွင် တည် ဆောက်ခဲ့သည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၂ ကဲ့သို့သော) ဖွံ့ဖြိုးရေး စီမံကိန်း များမှ ဆိုးကျိုးသက်ရောက်မှုများလည်း ရှိပါသည်။ ယင်းကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်း အဆိုပြုစဉ်က စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်ရုံများ တည်ဆောက်ရန် မြေဧက (၅၀၀) ကို သိမ်းယူခဲ့ခြင်းဖြစ်ပြီး၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရန် ဖြစ်သည်ကို ဒေသခံပြည်သူများမှ နောက်ကျမှ သိရှိရသဖြင့် ကန့်ကွက်ဆန္ဒပြမှုများ ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ ထို့အပြင် ယင်းစီမံကိန်းနှင့် ဆက်စပ်မှုမရှိသည့် မြေယာများပါ သိမ်းဆည်း ခံခဲ့ရခြင်းများ လည်း ကြုံတွေ့ခဲ့ရပါသည်။ [1]

၁ http://www.dop.gov.mm/en မှထုတ်နှုတ်ယူထားသော http://www.dop.gov.mm/sites/dop.gov.mm/files publication_docs/ chaungzon_0.pdf

၂ http://rehmonnya.org/archives/3469

# သုတေသနဆောင်ရွက်သည့်နည်းလမ်း

ဤသုတေသနလုပ်ငန်းငယ်အတွက် စစ်တမ်းကောက်ယူခြင်းကို ၂၀၁၈-ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဆောင်ရွက်ခဲ့ပြီး၊ စုစုပေါင်း (၁၀၁)ဦးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ စစ်တမ်းကောက်ယူရာတွင် ကျား/မနှင့် အသက်အရွယ်မျှတမှုကို ထည့်သွင်းစဉ်းစားထားခြင်းမရှိဘဲ ကျပန်းကောက်ယူသည့်နည်းလမ်းဖြင့် ရွေးချယ်ကောက်ယူခဲ့သည်။ အချက်အလက် ကောက်ယူခဲ့စဉ် အခြေအနေများအရ တစ်ရွာချင်းစီ၏ စစ်တမ်းကောက်ယူခဲ့သူစာရင်းများအား ဖော်ပြနိုင်ခြင်း မရှိသဖြင့် တစ်ရွာနှင့် တစ်ရွာအကြား ကိုယ်စားပြုစစ်တမ်းဟု ဖော်ပြရန် ခက်ခဲပေမည်။ ရွာတိုင်း၏ လူဦးရေနှင့် အိမ်ထောင်စုအရေအတွက်ကို ကောက်ယူနိုင်ခဲ့ခြင်းလည်းမရှိသဖြင့် အချို့ကောက်ယူရရှိခဲ့သည့် ရွာများ၏ လူဦးရေနှင့် အိမ်ထောင်စုအရေအတွက် ဇယား - ၅ ဖြင့် ဖော်ပြထားပါသည်။ မွန်ပြည်နယ်ရှိ လူဦးရေ၏ (၉၂) ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများ ဖြစ်ပါသည်။

| ကျေးရွာ | အိမ်ထောင်စု | လူဦးရေ |
|---|---|---|
| ကလို | ၆၈၄ | ၃၂၆၆ |
| ကွမ်းရိုက် | ၁၃၆၆ | ၅၆၇၈ |
| တော်ကနာ | ၃၈၂ | ၁၇၂၄ |
| ကမနင်း | ၄၇၇ | ၂၂၉၈ |
| ရွာလွတ် | ၁၃၁၇ | ၅၅၇၆ |
| တောင်စွန်း | ၆၆၅ | ၂၇၂၈ |
| ကညော် | ၁၆၁၇ | ၇၁၁၄ |
| မုဒုံး | ၁၂၁၁ | ၅၁၅၈ |
| တိုးချဲ့ | ၄၅၆ | ၁၉၉၄ |

ဇယား - ၅ ။ ချောင်းဆုံမြို့နယ်ရှိ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအချို့ရှိ အိမ်ထောင်စု အရေအတွက် နှင့် လူဦးရေ

# သုတေသနရလာဒ်များ

## ဖြေကြားသူများ၏ အချက်အလက်များ

စစ်တမ်းကောက်ယူရတွင် ပြန်လည်ဖြေကြားသူ (၁၀၁)ဦးအနက် (၇၈) ရာခိုင်နှုန်းသည် အမျိုးသားများ ဖြစ်ပြီး၊ (၂၂) ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်သည်။ အမျိုးသားများတွင် အငယ်ဆုံးမှာ (၂၀) နှစ်၊ အကြီးဆုံးမှ (၈၂)နှစ်ဖြစ်ပြီး၊ အမျိုးသမီးများတွင် အငယ်ဆုံးမှာ (၂၁)နှစ်၊ အကြီးဆုံးမှာ (၇၈)နှစ် ဖြစ်ပါသည်။ ယင်းအမျိုးသားများအနက် (၆၃)ရာခိုင်သည့် အိမ်ထောင်ဦးစီးများ ဖြစ်ကြပြီး၊ ပြန်လည်ဖြေကြားသူ အမျိုးသမီးများအနက် (၂၇) ရာခိုင်နှုန်းသည်သာ အိမ်ထောင်ဦးစီးလုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

## ကျား/မအလိုက် ဆုံးဖြတ်ချက်ချပုံများ

ဆုံးဖြတ်ချက်ချပုံနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာ အိမ်ထောင်စုအများစုသည် မိသားစုဝင်အချင်းချင်း ညှိနှိုင်းဆုံးဖြတ်ကြသည်ကို တွေ့ရှိရပါသည် (ပုံ - ???)။ အမျိုးသားအိမ်ထောင်ဦးစီးများက (၄၀) ရာခိုင်နှုန်းသော ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချသည်ကို တွေ့ရှိရပြီး၊ အမျိုးသမီးများမှ ဆုံးဖြတ်ချက်သည်ကို မတွေ့ရှိရပေ (ပုံ - ၁၆)။




ပုံ ၁၆ - မြေယာ၊ ပညာရေးနှင့် ကျန်းမာရေးတို့တွင် ဆုံးဖြတ်ချက်ချပုံများ

## မြေယာ ခံစားပိုင်ခွင့်၊ တရားဝင်အထောက်အထားများနှင့် မိရိုးဖလာ မြေယာစီမံအုပ်ချုပ်မှုစနစ်များ

စစ်တမ်းကောက်ယူသည့် အချက်အလက်များအရ ဤဒေသတွင် မြေယာပိုင်ဆိုင်ခဲ့သည့် နည်းလမ်း (၃)

မျိုးရှိရာ ဖြေကြားသူများ၏ (၃၈) ရာခိုင်နှုန်းသည် ဂယ်ယူခြင်းဖြင့်လည်းကောင်း၊ အခြား(၃၆) ရာခိုင်နှုန်းသည်အခြားနည်းလမ်းများဖြင့်လည်းကောင်း၊ ကျန် (၃၁) ရာခိုင်နှုန်းသည် အမွေဆက်ခံခြင်းအားဖြင့်လည်းကောင်း ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့ရှိရပါသည် (ပုံ -၁၇)။ ဖြေကြားသူများ၏ (၂၈) ရာခိုင်နှုန်းမှာ ၎င်းတို့၏ မြေယာများ ပိုင်ဆိုင်ကြောင်း အထောက်အထားများ မရှိကြပေ။ (၄၇) ရာခိုင်နှုန်းသော ဖြေကြားသူအများစုတွင် ပုံစံ - ၁၀၅/၁၀၆များ ရှိကြပြီး (၂၄) ရာခိုင်နှုန်းတွင် မြေယာအသုံးချခွင့်လက်မှတ်ရှိကာ အခြား (၁၉)ရာခိုင်နှုန်းတွင် အခွန်ပြေစာများ ရှိကြသည်။ ဤဒေသတွင် မိရိုးဖလာမြေယာစီမံအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးခဲ့ဖူးကြောင်း (၇၅)ရာခိုင်နှုန်း ဖြေကြားခဲ့ပြီး၊ မိရိုးဖလာကျင့်သုံးသည့်စနစ်ကို မြေပုံနှင့် မှတ်တမ်း မှတ်ရာများတွင်ပါရှိကြောင်း (၄)ရာခိုင်နှုန်းမှ ပြန်လည်ဖြေကြားခဲ့သည်။ လက်ရှိအခြေအနေတွင် မိရိုးဖလာမြေယာပိုင်ဆိုင်မှုစနစ်အား ကျင့်သုံးဆဲဥပဒေအရ အသိအမှတ် မပြုသေးရာ ဒေသခံပြည်သူများတွင် မြေယာ သိမ်းပိုက်ခံရခြင်းများနှင့် ဆုံးရှုံးမှုအတွက် လုံလောက်သော နစ်နာကြေးများရရှိအောင် ဆောင်ရွက်ခြင်းအတွက် အခက်အခဲများ ဖြစ်စေသည်။




ပုံ ၁၇ - မြေယာပိုင်ဆိုင်ခဲ့သည့် နည်းလမ်းများ

## မြေယာဆိုင်ရာဥပဒေများ၊ မူဝါဒများအား စိတ်ပါဝင်စား၍ အသိရှိမှု

စစ်တမ်းကောက်ယူခဲ့ရာတွင် ပြန်လည်ဖြေကြားသူ (၁၀၁)ဦးအနက် (၆၀)ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော မြေယာဆိုင်ရာ ဥပဒေများ၊ မူဝါဒများနှင့် ပတ်သက်၍ ဗဟုသုတများ ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ပြန်လည်ဖြေကြားသူများ၏ (၃၂) ရာခိုင်နှုန်းသည် ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေကိုလည်းကောင်း၊ အခြား (၁၃) ရာခိုင်နှုန်းသည် ၂၀၁၂-ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကိုလည်းကောင်း သိရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

## အခြေအနေအား ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဤဒေသတွင် မြေယာအများစုသည် အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ကြခြင်းမဟုတ်ဘဲ ဂယ်ယူပြီး ပိုင်ဆိုင်ထားသည်က ပိုမိုများပြားကြောင်း၊ မြေယာပိုင်ဆိုင်မှုအတွက် အထောက်အထားများရှိသဖြင့် မြေယာသိမ်းဆည်းခံရခြင်း မကြုံတွေ့စေရန်ကြီးမားသော အကာအကွယ်ဖြစ်နေကြောင်းဤသုတေသနလုပ်ငန်းငယ်တွင် တွေ့ရှိရပါသည်။ သို့ရာတွင် ဤဒေသတွင် စစ်တမ်းကောက်ယူမှုအရ မြေယာဆုံးရှုံးရမှုနှင့် မြေအဆင့်အတန်း ကျဆင်းမှုတို့ကို ဖြစ်စေသည့် သဘာဝဘေးအန္တရာယ်များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကဲ့သို့သော ခြိမ်းခြောက်မှုများ ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

# နောက်ဆက်တွဲများ

ဇယား-က။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် သုတေသနလုပ်ငန်းငယ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူဦးရေ

| ဖြစ်ရပ်လေ့လာမှုများ | တိုင်းဒေသကြီး/ပြည်နယ် | ပါဝင်ဆောင်ရွက်ခဲ့သူဦးရေ |
|---|---|---|
| ECFd/FLU | ရှမ်း (ပြည်နယ်တောင်ပိုင်း) | ၅ |
| MRLUN | မွန်ပြည်နယ် | ၂ |
| KNGY | ရှမ်းပြည်နယ် (တောင်ပိုင်း | ၁ |
| ပေါင်းလောင်းမြို့သစ် | ကယားပြည်နယ် | ၁ |
| SRFU | စစ်ကိုင်းတိုင်းဒေသကြီး | ၂ |
| WHH | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၂ |
| MPYA | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၃ |
| Alin Banmaw | ကချင်ပြည်နယ် | ၂ |
| ဧရာဝတီ | ဧရာဝတီတိုင်း ဒေသကြီး | ၂ |

ဇယား-ခ။ ဖြစ်ရပ်လေ့လာမှုတစ်ခုစီတွင် ကောက်ယူခဲ့သောနမူနာအရေအတွက်

| ဖြစ်ရပ်လေ့လာမှုများ | ပါဝင်ဆောင်ရွက်ခဲ့သူဦးရေ |
|---|---|
| ALBM_ကချင် | ၅ |
| ဧရာဝတီ | ၂ |
| FLU & ECFD_ ရှမ်းပြည်နယ်တောင်ပိုင်း | ၁ |
| GLAD _ ကယား | ၁ |
| KNGY_ကယား | ၂ |
| MRLUN_မွန်ပြည်နယ် (အထက်ပိုင်း) | ၂ |
| MPYA_ ရှမ်းပြည်နယ် (တောင်ပိုင်း) | ၃ |
| SRFU_ စစ်ကိုင်း | ၂ |
| WHH_ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၂ |
| MRLUN_မွန်ပြည်နယ် (အောက်ပိုင်း) | ၁၀၁ |
| စုစုပေါင်း | ၇၀၅ |

Land Core Group

MRLUN
Mon Region
Land User Network

welt hunger hilfe

ALinn

ALinn Banmaw Local Development Organization

Green Life Alliance For Development
GLAD

Environmental Conservation And Farmer Development Organization

KNGY
Kayan New Generation Youth
Unity to Change